ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 27 May 2026 ၁၂၁၉၁

“နိုင်ငံ့အနာဂတ်လှပဖို့
ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့”

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

**ယနေ့ ဖတ်စရာ**

**ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၅

**ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးမည်**

ဆောင်းပါး စာမျက်နှာ » ၆

# စားရေရိက္ခာဖူလုံပိုလျှံစေရေး သားငါးကဏ္ဍမြှင့်တင်ထုတ်လုပ်

နိုင်ငံတော်အနေဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံရေးကို ဆောင်ရွက်နိုင်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထုတ်လုပ်သည့် စားရေရိက္ခာများကို စနစ်တကျထုတ်လုပ်၍ အာဟာရပြည့်မီပြီး အရည်အသွေးကောင်းမွန်သည့် အစားအစာများ ထုတ်လုပ်ကြရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေ ၂၄ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် “တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် မြေနေရာရယူထားကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း” ပြောကြားသွားခဲ့သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် သိပ္ပံနည်းကျ ခေတ်မီမွေးမြူရေးစနစ်သို့ မကူးပြောင်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုသည်။ ယခုမွေးမြူရေးလုပ်ငန်းများသည် တိရစ္ဆာန်များအား ခြံများအတွင်းလှောင်ပြီး မွေးမြူကြသည့်စနစ်ဖြစ်၍ သန့်ရှင်းသပ်ရပ်သည့် အစာကျွေးမွေးသည့်စနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်သည့်စနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အသား၊ ငါး၊ ဥအမျိုးမျိုးကို စားသုံးသူလိုအပ်ချက်ထက် ပိုလျှံအောင် မွေးမြူထုတ်လုပ်သွားကြရမည်ဖြစ်သည်။

လက်ရှိတွင် ကြက်ဥမွေးမြူထုတ်လုပ်ရေး ရောင်းဝယ်ဖောက်ကားမှုများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖူလုံလောက်ငမှုရှိသော်လည်း ကြက်ဥတစ်လုံးဈေးနှုန်းအနေဖြင့် ယခင်ထက်အဆများစွာ ဈေးတက်လာမှုကို ခြုံငုံသုံးသပ်၍ ဈေးနှုန်းတည်ငြိမ်အောင်၊ သက်သာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ကြက်ဥတစ်လုံး စားသုံးခြင်း၏ အာဟာရပြည့်ဝမှုသည် ကြက်သား ငါးကျပ်သား စားသုံးခြင်း၏ အာဟာရနှင့်ညီမျှပြီး ကုန်ကျစရိတ်အနေဖြင့်လည်း သုံးပုံတစ်ပုံခန့် သက်သာစေသည်။ ထို့ကြောင့် လုပ်ငန်းများကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် တိုးချဲ့ဆောင်ရွက်သွားကြရန်လိုသည်။ ပြည်သူလူထုဝယ်ယူစားသုံးရာတွင် သက်သာသောနှုန်းထားဖြစ်စေရန် ကြံဆဆောင်ရွက်သွားကြရန်လိုသည်။

မွေးမြူရေးစနစ်တွင် လွှတ်ခြင်း၊ လှန်ခြင်း၊ လှောင်ခြင်းဟူ၍ သုံးမျိုးရှိရာ စားကျက်များအတွင်းလွှတ်၍ မွေးမြူခြင်းဖြင့် စရိတ်စကသက်သာစေသည်။ ကြိုးဖြင့်ချည်၍ လှန်ကျောင်းသည့်စနစ်သည် အထိုက်အလျောက် စရိတ်သက်သာမှုရှိသည်။ လှောင်၍မွေးမြူခြင်းသည် စရိတ်ကုန်ကျမှုရှိသော်လည်း စနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခု ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်မြေနေရာများသည် တိရစ္ဆာန်အစာများ ပေါများစွာရရှိနိုင်သည်။ မွေးမြူရေးဇုန်များ သတ်မှတ်အကောင်အထည်ဖော်ကြရာတွင် အစာရရှိနိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ပြီး ဆောင်ရွက်ရန်လိုသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေနိုင်သည်။

နို့စားနွားမွေးမြူရေးတွင် မြန်မာနိုင်ငံအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှ ပမာဏများစွာ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာကုန်ကျသုံးစွဲနေရသည်။ မြန်မာနိုင်ငံတွင် နွားနို့မှ ဒိန်ချဉ်ကိုသာထုတ်လုပ်နေကြပြီး အများစုသုံးစွဲသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အရည်အသွေးပြည့်မီစွာ လုံလောက်အောင်ထုတ်လုပ်ကြဖို့လိုသည်။ အာဟာရပြည့်ဝပြီး ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် နို့နှင့် နို့ထွက်ပစ္စည်းများနှင့် ကြက်ဥတို့ကို လုံလောက်အောင်ထုတ်လုပ်ပေးကြရမည်ဖြစ်သည်။ ပြည်သူများအတွက် စားရေရိက္ခာဖူလုံရေးနှင့်ကျန်းမာရေးကို များစွာအထောက်အကူပြုလျက်ရှိသဖြင့် အရည်အသွေးပြည့်ဝသည့် မွေးမြူရေးထုတ်ကုန်များကို စနစ်တကျ မွေးမြူထုတ်လုပ်ကြရန်လိုသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရေး၊ နိုင်ငံခြားငွေသုံးစွဲမှုလျော့ကျစေရေးနှင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မွေးမြူရေးဇုန်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ပြီး စနစ်တကျမွေးမြူထုတ်လုပ်ကြကာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# (၂၆-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၆.၂ | ၅၅၇.၈ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၆၀၆,၆၅၂.၇၂ | ၄,၈၂၉,၇၆၀.၀၀ | ၉၉,၇၃၇,၈၀၈.၅၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၇၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ခါးပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံ အလုပ်နဲ့ပဲ ဓာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီတွင် **“၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေ လက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့်အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၆ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၀၀၀ | ၁၆,၅၀၀ | ၈၉၄ | ၁၄,၅၃၇,၅၀၀ |
| MTSH | ၇,၂၀၀ | ၇,၅၀၀ | ၂,၆၈၈ | ၁၉,၃၀၅,၄၀၀ |
| MCB | ၉,၈၀၀ | ၁၀,၀၀၀ | ၄၃၉ | ၄,၃၂၇,၃၀၀ |
| FPB | ၅,၀၀၀ | ၅,၁၀၀ | ၃,၅၉၅ | ၁၈,၀၅၄,၅၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၄၂ | ၁၃၈,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅,၁၈၂ | ၉,၀၆၈,၅၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၀၀ | ၁၈ | ၇၀,၆၀၀ |
| MAEX | ၄,၆၀၀ | ၄,၆၀၀ | ၈၀၀ | ၃,၆၈၀,၀၀၀ |
| MADPL(PLB) | ၄,၈၀၀ | ၄,၉၀၀ | ၆၀၆ | ၂,၉၈၆,၀၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၃၀၀ | ၁၁,၈၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်း မရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်

✻ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြ သည်။

**နိုင်ငံတော်တွင် နိုင်ငံရေးအရ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲမှုများ**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ တစ်လခွဲကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ ပြည်တွင်းနိုင်ငံရေး အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့် ချိန်ထိုးသုံးသပ်ရမည်** ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ပြည်ပကျူးကျော်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအားနည်းချက်ကြောင့် ပြည်နယ်များခွဲထွက်ခွင့်များဖြစ်ပေါ်လာရာမှ နိုင်ငံရေးပဋိပက္ခများ ပိုမိုကြီးမားလာခဲ့ခြင်း၊ အာဏာရပါတီအတွင်း အုပ်စုကွဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှုများမရှိခဲ့ကြောင်း၊ **၁၉၅၈ ခုနှစ်တွင် အိမ်စောင့် အစိုးရက တာဝန်ယူခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း။**

ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်နှင့် ပတ်သက်သည့်အသိများ ရှိထားကြသည့် အချိန်ဖြစ်ပြီး ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်တို့နှင့် ဆိုရှယ်လစ်စနစ်တို့ အားပြိုင်နေသည့်အခြေအနေဖြစ်ကြောင်း၊ ထို့နောက် ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်ကို ကြိုက်သည့်သူများအနေဖြင့် နိုင်ငံရေးထွက်ပေါက်မရှိသဖြင့် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အာဏာရပါတီအတွင်း၌လည်း စီးပွားရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများလည်း ပိုမိုကြီးထွားလာခဲ့ကြောင်း။

ထိုအချိန်တွင် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် ဆက်ဆံရေးတွင် ကောင်းမွန်ခဲ့သည်ကို တွေ့ရပြီး ကုလသမဂ္ဂတွင်တာဝန်ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် တရုတ်ဖြူ ကျူးကျော်မှုဖြစ်ပွားချိန်တွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ SEATO အဖွဲ့ပေါ်ပေါက်လာချိန်တွင် ပြည်ထောင်စုကြီးမှ ခွဲထွက်လိုသည့် တိုင်းရင်းသားအဖွဲ့များ အနေဖြင့်လည်း အဆိုပါအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဖိအားများ ရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးနိုင်စေရေး အနှောင့်အယှက်ပေးမှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်တွင် ကမ္ဘာပေါ်၌ နိုင်ငံရေးလမ်းစဉ်များနှင့် ပတ်သက်၍ အားပြိုင်မှုများ ပြင်းထန်နေသည့်အချိန်ဖြစ်ကြောင်း။

ယင်းနောက် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ချိန်တွင် NGO၊ INGO များ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ပြည်ပနိုင်ငံများမှ အထောက်အပံ့များ ရယူခဲ့ကြောင်း၊ ထိုအချိန်တွင် ဒီမိုကရေစီစနစ်ကို လိုလားသည့် နိုင်ငံများက မိမိတို့နိုင်ငံကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်ကတည်းက မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းချက်များရှိခဲ့သည်ကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ တွေ့ရှိနိုင်ကြောင်း၊ အဆိုပါအားနည်းချက်ပေါ်တွင် အခွင့်ကောင်းယူ၍ NGO၊ INGO အဖွဲ့အစည်းများက အစိုးရအပေါ် မကောင်းမြင်စေရန်နှင့် အစိုးရအပေါ် ဆန့်ကျင်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းမှုကြောင့် ပြည်ပအကူအညီများရရှိရန် LDC နိုင်ငံအဖြစ်သို့ လျှောက်ထားခဲ့မှုအပေါ် နိုင်ငံတော်အပေါ် ယုံကြည်မှု အားနည်းစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ ကျဆင်းလာခြင်း၊ စီမံခန့်ခွဲမှုလွဲမှားမှုများဖြစ်ပေါ်ခြင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ အခက်အခဲများဖြစ်ပေါ်ခဲ့ရပြီး ငွေစက္ကူ တရားမဝင်ကြေညာမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် အရေးအခင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

အဆိုပါအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်မဖြစ်သေးကြောင်း၊ မိမိတို့နိုင်ငံအပေါ် အချို့အင်အားကြီးနိုင်ငံများက ၎င်းတို့အလိုကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်များလည်း ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂညီလာခံပုံမှန်တက်ရောက်ခဲ့သော်လည်း နိုင်ငံတကာရေးရာနှင့် ကုလသမဂ္ဂနယ်ပယ်များတွင် ပါဝင်မှုနည်းပါးခဲ့သည်ကို တွေ့ရှိနိုင်ကြောင်း။

ထိုအချိန်တွင် စီးပွားရေးကျဆင်းခြင်း၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် နိုင်ငံတကာမှ အထင်အမြင်သေးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ GDP မှာလည်း များစွာနည်းပါးခဲ့ပြီး ကုန်ထုတ်လုပ်မှုများလည်း များစွာနည်းပါးခဲ့ကြောင်း၊ သယံဇာတများ ထုတ်ယူရောင်းချပြီး တိုင်းပြည်စီးပွားရေးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် နဝတခေတ်တွင် အမျိုးသားညီလာခံကို ကျင်းပပြုလုပ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရကြောင်း၊ နယကခေတ်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်ပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ကာ နှစ်ဖက်သဘောတူညီချက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်သည် နိုင်ငံရေးအရ၊ စီးပွားရေးအရ အဘက်ဘက်မှ ကျပ်တည်းခဲ့သည့်ကာလဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ **ထိုသို့ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းချိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊** ထိုအချိန်တွင် နိုင်ငံရေးအရ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် NLD ပါတီအနေဖြင့် နိုင်ငံရေးတွင် ပါဝင်လာခဲ့ကြောင်း၊ နိုင်ငံတော်ကို ခြယ်လှယ်ချုပ်ကိုင်လိုသည့် အနောက်အင်အားကြီး နိုင်ငံများနှင့်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုမရှိစေရေး အတိတ်ဖြစ်ရပ်များဖြင့် ပြန်လည်လှုံ့ဆော်၍ ၎င်းတို့လိုသလိုပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း၊ **ထိုအချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခဲ့ပြီး မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကို တွေ့ရကြောင်း၊** ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏ သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိမိတို့ တာဝန်ယူချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိကြောင်း၊ ယခုကဲ့သို့ မိမိတို့ နိုင်ငံ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့်ပြဿနာများကို ပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် **အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်း မရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** နိုင်ငံရေးအရတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးအရ အားကောင်းအောင် ဆောင်ရွက်ရမည်၊ လုံခြုံရေးအရ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာ ဆက်ဆံရေးအနေဖြင့်လည်း ကောင်းမွန်မှုရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရသည့်အခါ၌ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့် ပြောဆိုဆက်ဆံမှုများဖြစ်စေရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားမည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုရအောင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကိုလည်း သိရှိနားလည်နိုင်ကြရန် လိုကြောင်း၊

**စာမျက်နှာ ၄ သို့** ✻



ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

- ❖ **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏ သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့**
- ❖ **၂၀၂၁ ခုနှစ် မိမိတို့ တာဝန်ယူချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိ၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့် ပြဿနာများကို ပြောကြားခြင်းဖြစ်**
- ❖ **နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလို**

> ☆ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**
>
> ☆ **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်**
>
> ☆ **ပညာရေးအားပေးမှသာ ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လို**

✻ စာမျက်နှာ ၃ မှ

အမျိုးသားရေးတွင် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်စေရေး၊ လုပ်တတ်ကိုင်တတ်စေရေး ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရမှ ဖန်တီးပေးရမည်များရှိသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ဖော်ဆောင်ပေးရမည်များလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် ၎င်းတို့အနေဖြင့် ဝင်ငွေကောင်းလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအပေါ်တွင်လည်း ယုံကြည်မှုရှိလာမည် ဖြစ်ကြောင်း။

**နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်**

လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ယူခဲ့သည့်အချိန်တွင် ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးခြင်းများကို ဆောင်ရွက်သွားနိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိအချိန်၌ EAO အဖွဲ့အချို့နှင့်အောက်ခြေအဆင့်များတွင် ထိတွေ့မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များအပေါ် ကျေနပ်လက်ခံနိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ရောက်ရှိလာခြင်းသည် မိမိတို့ နိုင်ငံ၏ ပညာရေးအားနည်းချက်ကို အသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ပညာရေးကို မဖြစ်မနေပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်ဟု အကြိမ်ပေါင်းများစွာ ပြောဆိုဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်း လိုအပ်မည်ဖြစ်သဖြင့်လာမည့် ၅ နှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မျှော်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် မည်ကဲ့သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိသည်ကို အလေးထား၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်ကြရန်** အလေးထားမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ဗဟိုအစိုးရ၏လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်း ဆိုင်ရာများအရ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များကို ဆောင်ရွက်သွားကြရန်လိုပြီး ယခု ၆ လအတွင်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သဟဇာတဖြစ်ရန်လိုပြီး ပြီးမြောက်အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်အနေဖြင့် ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရသည်မဟုတ်သော်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းပြပေးခြင်း၊ စီမံကြီးကြပ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် လုပ်နိုင်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသည့် လူဦးရေနှုန်းထားအနေဖြင့် လျော့နည်းကျဆင်းလာသည်ကို တွေ့မြင်ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလုပ်သမားရှားပါးမှုပြဿနာကို ကြုံတွေ့ရလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် အလုပ်အကိုင်ရှိသည့်နေရာများသို့ သွားရောက်နေကြသူများရှိသည်ဟုလည်း ပြောဆိုကြကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေမြေသယံဇာတနှင့် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်နိုင်မှု အားနည်းကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေခြင်းဖြစ်သည်ဟု တွေ့မြင်ရကြောင်း၊ နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ ကျွမ်းကျင်သည့်လုပ်ငန်းများကို လုပ်ကိုင်မှုမရှိဘဲ ကျပန်းအလုပ်များ လုပ်ကိုင်ကြခြင်း၊ တရားမဝင်သယံဇာတ ထုတ်ယူခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်နေခြင်းတို့ကြောင့် လုပ်သားများ ရှားပါးလာခြင်းလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ အလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် ဖော်ဆောင်ပေးသွားကြရန် လိုကြောင်း။

မြေအသုံးချမှုနှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများ မရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများနှင့် ပတ်သက်၍ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

**ကျောင်းနေအရွယ်ကလေးငယ်များ အားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်**

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် ပတ်သက်၍ ယခုအခါ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် မိမိဦးဆောင်သည့် အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာ ဆောင်ရွက်ပေးထားပြီးဖြစ်ကာ သဘောထားကွဲလွဲရန်အကြောင်းမရှိသည့်အတွက် ငြိမ်းချမ်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အတူတကွ အလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** စာသင်ကျောင်းများနှင့်ပတ်သက်၍ ယခုအခါ ကျောင်းအပ်ရာသီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ကျောင်းများအားလုံးတွင် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပညာရေးအားပေးမှသာ ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လိုကြောင်း၊** တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပိုမိုလျင်မြန် မြန်ဆန်စွာဖြင့် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများစနစ်တကျဖြစ်စေရေး၊ သတ်မှတ်စံနှုန်းများ ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ **ကျောင်းနေပျော်၍ စာတော်ရမည်ဟူသည့်အတိုင်း ကျောင်းများအားလုံး သန့်ရှင်းသာယာလှပရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။**

စားသုံးဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ ပြည်တွင်း၌လည်း ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိနေသဖြင့် ပြည်ပမှ တင်သွင်းနေရသည်မှာ မဖြစ်သင့်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးတက်ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့်အတူ ပျားမွေးမြူခြင်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး နှစ်ဖက်အကျိုးရှိစေမည့် မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နာမည်ရရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် တင်ပို့နိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီစွာ ထုတ်လုပ်တင်ပို့နိုင်ရေး တိုးချဲ့စိုက်ပျိုး ဆောင်ရွက်သွားကြရန် လိုကြောင်း။

ပြီးခဲ့သည့် နွေရာသီကာလအတွင်း အပူချိန်မြင့်မားခဲ့သည့် ဒေသများအား မှတ်သား၍ ယခုမိုးရာသီကာလအတွင်း သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ရှိပြီးသားအပင်များအား ထိန်းသိမ်းခြင်း၊ အပူရှောင်နေရာများ သတ်မှတ်ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းဒေသများမှ **သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပတ်သက်၍လည်း အမြဲမပြတ်ကြည့်ရှုပေးရန်လိုပြီး ရာသီဥတုပြင်းထန်မှုဒဏ်ကို အသက်သာဆုံးနည်းလမ်းဖြင့် ဖြတ်သန်းနိုင်ရေး ဒေသဆိုင်ရာအစိုးရများက နည်းလမ်းရှာဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သတ်မှတ်ထားသည့် ၁၃ ခရိုင်အတွင်း လာမည့် သစ်ပင်စိုက်ရာသီတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန် လိုကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ အသုံးပြုရန် လျာထားသည့် ဘဏ္ဍာငွေများအား မှန်မှန်ကန်ကန်နှင့် အပြည့်အဝအကျိုးရှိအောင် သုံးစွဲသွားကြရန်လိုကြောင်း၊ ခွင့်ပြုငွေများအား အသုံးချနိုင်မှုမရှိဘဲ ပိုလျှံငွေများအဖြစ် ပြန်လည်အပ်နှံခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုပင်ဖြစ်သည့်အတွက် မှန်ကန်စွာ သုံးစွဲအသုံးချနိုင်ရန် လိုကြောင်း၊ ကြီးကြပ်ကွပ်ကဲရန်၊ ပြန်လည်စိစစ်ရန်တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

ဆွေးနွေးတင်ပြချက်များ အပေါ် နိုင်ငံတော်သမ္မတက **အွန်လိုင်းလောင်းကစားမှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်**ကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကို ထိန်းသိမ်းနိုင်ရန် နိုင်ငံတော်အစိုးရက မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်သုံးဆီရောင်းချပေးမှုကို စနစ်တကျ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်းသည် အထိုက်အလျောက် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ယခုအခြေအနေကိုထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေတွင် စနစ်တကျ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးကိရိယာချေးငွေများနှင့် စပ်လျဉ်း၍ ကြွေးမဆပ်သည့် တောင်သူအချို့ရှိခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ရရန်ကြွေးကျန် ဘီလီယံချီရှိသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ချေးငွေများနှင့် ပတ်သက်၍ ချေးငွေများကို အပြည့်အဝ ပြန်လည်ရရှိရေးနှင့် ကြွေးကျန်များ မရှိရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ✻

* စာမျက်နှာ ၄ မှ

**ချင်းပြည်နယ်အတွင်းထိခိုက်ပျက်စီးခဲ့သည့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများအား ပြန်လည်ထူထောင်ရေး**

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများ၊ ဘာသာရေးအဆောက်အအုံများအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မိမိတို့အနေဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဆေးရုံများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဈေးနှင့် အခြားရုံးဌာနအဆောက်အအုံများကိုလည်း ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း။

**အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်**

အားကစားနှင့်ပတ်သက်၍ နိုင်ငံတော်၏ စိတ်ဓာတ်အင်အားကို အားကစားဖြင့် ဖော်ပြနေပြီး ဒေသတွင်းအားကစားပြိုင်ပွဲများ၌ပင် ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိနိုင်ရန်လိုအပ်နေဆဲဖြစ်သည်ကို မြင်တွေ့ရကြောင်း၊ အရည်အသွေးမြင့်မားပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ရန်လိုကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိစေရေး အားကစားအဖွဲ့ချုပ်များမှအစ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးနှင့် အဆင့်မီမီဖြစ်စေရေး နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နည်းစနစ်ကျစွာ၊ ကျန်းမာကြံ့ခိုင်မှုရှိစွာဖြင့် ယှဉ်ပြိုင်နိုင်စေရေးအတွက်လည်း နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများ၊ ကြံ့ခိုင်ရေးနည်းပြများဖြင့် လေ့ကျင့်နိုင်ရန်လိုကြောင်း၊ အရည်အသွေးရှိပြီး Talent ရှိသည့်အားကစားသမားများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားသမားများအား ငယ်စဉ်ကတည်းကပင် စနစ်တကျရွေးချယ်၍ ပြုစုပျိုးထောင်ပေးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတော်၏ အလံတော်ကို တိုင်ထိပ်၌ လွှင့်တင်ဂုဏ်ပြုခံရသည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ အားကစားပွဲတော်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကဏ္ဍ ကောင်းမွန်တိုးတက်လာမည်ဆိုပါက တိုင်းချစ်ပြည်ချစ်စိတ်များလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ **အားကစားကဏ္ဍ မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခြင်းပင်ဖြစ်ကြောင်းနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်** မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၅ / ၂၀၂၆)**
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

ကချင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၇၄၁၆၀ | အစား | ကြည်း ၆၉၄၇၀ |
| ဗိုလ်ကြီး ရဲကိုမြင့် | | ဗိုလ်ကြီး အောင်မျိုးသူ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**ဟားခါး မေ ၂၆**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဝင်များနှင့် တာဝန်ရှိသူက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးတို့က အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျုံပျော်မြို့နယ်၌ မြေသြဇာများ အချိုးကျသုံးစွဲရေး ပညာပေးဟောပြောပွဲ ကျင်းပ

**ကျုံပျော် မေ ၂၆**

တောင်သူများ ဓာတ်မြေသြဇာနှင့်တွဲဖက်၍ သဘာဝမြေသြဇာများ အချိုးကျသုံးစွဲနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ ယနေ့တွင်ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်မြေစာရင်းဦးစီးမှူး ဦးမင်းနောင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေး တာဝန်ခံ ဦးထင်ကျော်ဦးတို့က ဟောပြောပွဲနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာရှင်များက သဘာဝမြေသြဇာ အသုံးပြုနည်း၊ ပိုးမွှားရောဂါကာကွယ်နည်း၊ မျိုးစေ့အကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## အထက်တန်းရှေ့နေသို့ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ပေးအပ်သည့်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၆**

အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၂) ၌ ကျင်းပရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့် ဒေါ်ပြုံးပြုံးအေး၊ အလုပ်သင် ရှေ့နေ ၁၁၃ ဦးတို့ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က အမှာစကား ပြောကြားကာ တက်ရောက်လာသည့် အလုပ်သင်ရှေ့နေ ၁၁၃ ဦးတို့အား အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များပေးအပ်ပြီး လက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

လက်မှတ်လက်ခံရယူမည့်သူများကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက “ရှေ့နေကျင့်ဝတ်သိက္ခာနှင့် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်း” ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သဲကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကျင်းပ

**သဲကုန်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်က အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးမည်

ကိုလူလူ

**ဇီဝရုပ်ကြွင်းလောင်စာဟာ အနာဂတ်မှာ ကြီးမားတဲ့စိန်ခေါ်မှုအဖြစ် ကြုံတွေ့ရမယ်လို့ အစောပိုင်းက ပြောထားသလို မျက်မှောက်ကာလမှာ ပြဿနာအမျိုးမျိုးနဲ့ ကြုံတွေ့လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာတွေကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာတွေဟာ ကမ္ဘာကြီးကို အမျိုးမျိုးအဖုံဖုံ ရိုက်ခတ်လာနေတာတွေ့ရမှာဖြစ်ပြီး တစ်ချိန်သောကာလတစ်ခုမှာ ရုပ်ကြွင်းလောင်စာခေတ်ရဲ့ အဆုံးသတ်ကို မလွဲမသွေရောက်ရှိသွားမှာ ဧကန်ဖြစ်ပါတယ်။**

လက်ရှိကာလမှာ ကြုံတွေ့နေရတဲ့ ရုပ်ကြွင်းလောင်စာပြဿနာကို ဖြေရှင်းပေးနိုင်ဖို့အတွက် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ နည်းလမ်းအမျိုးမျိုးနဲ့ ကြံဆဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဖြစ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေ နေ့စဉ် မဖြစ်မနေ အသုံးပြုနေကြရတဲ့ အရာဝတ္ထုပစ္စည်းတွေမှာ ရုပ်ကြွင်းလောင်စာတွေဟာ အရေးပါတဲ့ကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ရုပ်ကြွင်းလောင်စာဆိုတာ မြေအောက်ထဲမှာရှိတဲ့ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရေနံ စတဲ့ ကာဗွန်ဒြပ်ပစ္စည်းတွေဖြစ်ပါတယ်။ အဲဒီ ဒြပ်ပစ္စည်းတွေအနက် ရေနံဟာ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအားလုံးအတွက် အရေးပါတဲ့ အသက်သွေးကြောသဖွယ်ဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာဆိုတာ ဖြစ်တည်ဖို့အတွက် နှစ်ပေါင်းသိန်းချီကြာမြင့်တာကြောင့် မကုန်ခန်းနိုင်တော့ဘူးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ရုပ်ကြွင်းလောင်စာဖြစ်တည်ဖို့အတွက် အချိန်ပေးရတဲ့ကာလထက် ပြန်လည်အသုံးချတဲ့ကာလဟာ အဆမတန်များပြားနေတာကို တွေ့မြင်နိုင်ပါတယ်။

**အဆုံးသတ်ကာလ**

ကမ္ဘာ့စွမ်းအင်သုံးစွဲမှုကို လေ့လာကြည့်မယ်ဆိုရင် ရေနံနဲ့ ရေနံထွက်ပစ္စည်းတွေကို နိုင်ငံတိုင်းက အများဆုံးအသုံးပြုနေတာ တွေ့မြင်နိုင်ပါတယ်။ နှစ်စဉ် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်သုံးစွဲနေတယ်လို့ဆိုထားပါတယ်။ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စွမ်းအင်သုံးစွဲမှုလည်း မြင့်မားလာတာကို တွေ့မြင်နိုင်ပါတယ်။ စွမ်းအင်သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ရဲ့ သုံးသပ်ချက်အရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာအသုံးပြုမှု ရာခိုင်နှုန်းအများဆုံးဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် တစ်ချိန်သောကာလမှာ ရုပ်ကြွင်းလောင်စာခေတ်ရဲ့ အဆုံးသတ်ကို မလွဲမသွေရောက်ရှိမှာ သေချာတယ်လို့ဆိုရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက လက်ရှိကာလမှာ ကမ္ဘာပေါ်မှာ စွမ်းအင်ပဋိပက္ခတွေဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသ ဟော်မုဇ်ရေလက်ကြားမှာ ဖြစ်ပွားနေတဲ့ပဋိပက္ခဟာ ကမ္ဘာကြီးရဲ့စွမ်းအင်လုံခြုံမှုကို ထိခိုက်ခဲ့ရပါတယ်။ ဒီပဋိပက္ခတွေကြောင့် ပြီးခဲ့တဲ့ကာလမှာ လောင်စာဆီရပ်တန့်ပြတ်တောက်သွားမလောက်ဖြစ်ခဲ့ရပြီး ကမ္ဘာ့နိုင်ငံတွေ စိုးရိမ်ပူပန်မှုတွေနဲ့ လောင်စာဆီခြိုးခြံချွေတာရေးအစီအမံတွေ ပြုလုပ်ခဲ့ကြရာမှာ မြန်မာနိုင်ငံလည်း အထူးဆောင်ရွက်ခဲ့ရပါတယ်။ တကယ်တော့ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ စွမ်းအင်ဝေစုအတွက် ရေနံစစ်ပွဲဖြစ်နေတာလို့ ဆိုရမှာဖြစ်ပါတယ်။

**သဘာဝဘေးအန္တရာယ်**

**နောက်တစ်ခုက လက်ရှိကာလ ကမ္ဘာပေါ်မှာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေ အကြီးအကျယ်ဖြစ်ပေါ်လာနေပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် အယ်လ်နီညိုဖြစ်စဉ်တွေ၊ မုန်တိုင်းတိုက်ခတ်မှုတွေ၊ တောမီးလောင်တာတွေ၊ လျှင်လှုပ်ခတ်တာတွေ၊ ရေကြီးရေလျှံဖြစ်တာတွေ၊ မိုးခေါင်ရေရှားတာတွေ စတဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွေကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအများစုဟာ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နေကြရပါတယ်။**

လက်ရှိကမ္ဘာကြီးမှာ ဇီဝရုပ်ကြွင်းလောင်စာတွေကို အလွန်အကျွံ ထုတ်ယူသုံးစွဲလာကြတာကြောင့် ရုပ်ကြွင်းလောင်စာခေတ်ကို မလွဲမသွေ အဆုံးသတ်ရမယ့်ကာလ၊ ရုပ်ကြွင်းလောင်စာတွေကို အလွန်အကျွံအသုံးပြုကြတာကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နေတဲ့အခြေအနေ၊ ရေနံစစ်ပွဲတွေကြောင့် စွမ်းအင်လုံခြုံရေးအတွက် ပိုမိုဦးစားပေးလုပ်ဆောင်ရမယ့် အနေအထားတွေအရ ကမ္ဘာ့နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာအစားထိုး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို အသုံးချဖို့ ကြိုးပမ်းလာကြပါတယ်။

ရုပ်ကြွင်းလောင်စာတွေကိုပဲ ဆက်လက်အားကိုးနေမယ်ဆိုရင် ကမ္ဘာကြီးမှာ ဆိုးရွားတဲ့ အန္တရာယ်တွေနဲ့ ကြုံတွေ့လာရမယ်လို့ ကမ္ဘာ့ခေါင်းဆောင်တွေက ပြောကြားလာကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာတွေကို အစားထိုးဖို့ အလုအယက် ကြိုးပမ်းလာကြပါတယ်။ အမြော်အမြင်ကြီးမားတဲ့ တရုတ်နိုင်ငံဟာ အစောပိုင်းကတည်းက စွမ်းအင်သုံးစွဲမှု သုံးပုံတစ်ပုံနီးပါးကို လျှပ်စစ်ကနေ ဖန်တီးလိုက်ပါတယ်။ တရုတ်နိုင်ငံမှာ ထုတ်လုပ်ရောင်းချတဲ့ကားတွေရဲ့ ထက်ဝက်ကျော်ကို လျှပ်စစ်ကားတွေအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ပါတယ်။

**ရေရှည်စီမံကိန်းတွေ**

ရေတိုနဲ့ ရေရှည်အရကြည့်မယ်ဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေဟာ ရုပ်ကြွင်းလောင်စာတွေနေရာမှာ တဖြည်းဖြည်း အစားထိုးဝင်ရောက်လာမှာဖြစ်ပါတယ်။ လုပ်ဆောင်ရတဲ့ရည်ရွယ်ချက်က ကုန်ကျစရိတ်သက်သာဖို့၊ ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ဖို့၊ ရေနံစစ်ပွဲတွေကြောင့် စွမ်းအင်လုံခြုံရေးထိခိုက်မှုကို လျှော့ချနိုင်ဖို့အတွက်ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ စွမ်းအင်သုံးစွဲမှု လျှော့ချရေးကို ချက်ချင်းလုပ်ဆောင်ရမယ့် အစီအမံတွေအပြင် ရေရှည်အကျိုးရှိစေမယ့် လျှပ်စစ်ဓာတ်အား ကွန်ရက်တွေနဲ့ နေရောင်ခြည်သုံး စွမ်းအင်ဆိုလာစီမံကိန်းတွေ တိုးမြှင့်တည်ဆောက်ဖို့ အချက်ပေးလိုက်သလိုဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ကြွင်းလောင်စာအစားထိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုမယ့် လျှပ်စစ်ကား(EV)ကဏ္ဍ ချဲ့ထွင်ဖို့အတွက် ရေရှည်စီမံကိန်းတွေ တွန်းအားပေးလုပ်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်သလိုဖြစ်ပါတယ်။

အသွင်ကူးပြောင်းမှု (Transition)ဆိုတာ အချို့ကိစ္စတွေမှာ နှေးနှေးကွေးကွေး ပြောင်းလဲသွားတတ်သလို အချို့ကိစ္စတွေမှာ လျင်လျင်မြန်မြန် ပြောင်းလဲသွားတတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ပုံနှိပ်လောကမှာ ခဲစာလုံးခေတ်ကနေ ကွန်ပျူတာခေတ်ကို ပြောင်းလဲသွားသလို၊ ကြိုးဖုန်းစနစ်ကနေ လက်ကိုင်ဖုန်းစနစ်ကို ပြောင်းလဲသွားသလိုမျိုး ရုပ်ကြွင်းလောင်စာခေတ်ကနေ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ခေတ်ကို လျင်လျင်မြန်မြန်ပြောင်းလဲဖို့ အရေးကြီးတဲ့အခြေအနေသုံးရပ်ကို အသိပေး တပ်လှန့်နှိုးဆော်ထားပြီးဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ရုပ်ကြွင်းလောင်စာစွမ်းအင်အစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချဖို့ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုကာလကတည်းက ပြင်ဆင်ဆောင်ရွက်လာတာ ယခုအခါ EV ကား ထုတ်လုပ်မှုမှာ ထိပ်တန်းနိုင်ငံဖြစ်နေပါပြီ။ လျှပ်စစ်စွမ်းအင်အခြေပြုနိုင်ငံပုံစံကို အရှိန်အဟုန်နဲ့ ကူးပြောင်းလိုက်တာကြောင့် ရေရှည်မှာ ရာသီဥတုကို ထိခိုက်စေတဲ့ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့နည်းသွားစေပါတယ်။ တရုတ်နိုင်ငံဟာ အနာဂတ်လျှပ်စစ်ခေတ်ကို ခေါင်းဆောင်နေရာယူလိုက်ပြီဖြစ်လို့ အမေရိကန်နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ ဒီအသွင်ကူးပြောင်းမှုမှာ မဖြစ်မနေလိုက်ပါကျော်ဖြတ်ကြတော့မှာ ဖြစ်ပါတယ်။

**EV အားသာချက်များ**

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ငါးနှစ် အစောပိုင်းကာလကတည်းက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို အသုံးချဖို့ စတင်ဆောင်ရွက်လာတာဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လျှပ်စစ်ကား (EV– Electric Vehicle) တွေ သုံးစွဲဖို့ တိုက်တွန်းရခြင်းဟာ EV ကားတွေသုံးစွဲတာကြောင့် ပြည်ပက လောင်စာဆီဝယ်ယူတင်သွင်းနေရတဲ့ နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းသက်သာစေတာ၊ လောင်စာဆီသုံးကားအသုံးပြုတဲ့အတွက် ပေါ်ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် အဆိပ်ဓာတ်ငွေ့ကြောင့် လူနဲ့ သက်ရှိတွေ ထိခိုက်ပျက်စီးစေတာတွေကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ EV ကားတွေမှာ မောင်းနှင်ဖို့ စုဖွဲ့တည်ဆောက်ထားတဲ့ အစိတ်အပိုင်းတွေ ပါဝင်မှုနည်းပြီး ပေါ့ပါးစွာ တည်ဆောက်ထားလို့ စက်သုံးဆီကားတွေလို ဆူညံတာ၊ ပျက်စီးယိုယွင်းမှုကို ထိန်းသိမ်းတာ အလွန်နည်းပါးပါတယ်။

**EV ကားတွေရဲ့ အလေးချိန်နဲ့ စွမ်းအားပေးနိုင်မှု အချိုးဟာ စက်သုံးဆီကားတွေနဲ့ နှိုင်းယှဉ်ရင် ကွာခြားမှုများပါတယ်။ စက်သုံးဆီကားတွေဟာ ခရီးအကွာအဝေး များများမောင်းလေ စက်သုံးဆီနဲ့ ပြင်ဆင်စရိတ်များပါတယ်။ EV ကားတွေဟာ ခရီးအကွာအဝေးများပေမယ့် ကုန်ကျစရိတ်သက်သာပြီး ပြင်ဆင်စရိတ်လည်း နည်းပါးပါတယ်။ EV ကားတွေဟာ စက်သုံးဆီကားတွေထက် ပေါ့ပါးပြီး ကမ္ဘာမြေရဲ့ ဗဟိုချက်ဆွဲငင်အားမှာ မြေပြင်နဲ့ ပိုမိုနီးကပ်တာကြောင့် အရှိန်နဲ့ကွေ့ရင်ဖြစ်ဖြစ်၊ အရှိန်နဲ့မောင်းရင်ဖြစ်ဖြစ် တော်ရုံတန်ရုံ တိမ်းမှောက်မှုမရှိနိုင်ပါဘူး။ ခရီးဝေးသွားရင်လည်း ကားဘီးပွန်းစားမှု လျော့နည်းစေတာကြောင့် ကားဘီးသက်တမ်းကြာရှည်ခံပြီး ကုန်ကျစရိတ်လျော့နည်းစေတာတွေဟာ EV ကားတွေရဲ့ အားသာချက်တွေဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကြီးတဲ့စက်သုံးဆီအပြင် အင်ဂျင်ဝိုင်လို ချောဆီတွေ ထည့်သွင်းအသုံးပြုဖို့ မလိုအပ်တဲ့အတွက် ကုန်ကျစရိတ်တွေ သိသိသာသာလျော့နည်းသက်သာစေပါတယ်။**

EV ကားတွေကို အဓိကစွမ်းအားဖြည့်ပေးရတဲ့ ဘက်ထရီရဲ့တန်ဖိုးကြီးမြင့်ပေမယ့် တစ်နေ့တခြားနည်းပညာတွေ တိုးတက်မြင့်မားလာတာနဲ့အတူ အရည်အသွေးမြင့်မားတဲ့ ဘက်ထရီတွေကို ပညာရှင်တွေက ကြိုးပမ်းတီထွင်ပေးနေတဲ့အတွက် များမကြာမီကာလမှာ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာတဲ့ ဘက်ထရီတွေပေါ်ပေါက်လာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ EV ကား လုပ်ငန်းစီမံချက်၊ လမ်းပြမြေပုံကို (၂၀၃၀–၂၀၅၀)အထိ ရေးဆွဲထားတယ်လို့သိရပါတယ်။ အခြားနိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ချမှတ်ထားတဲ့မူဝါဒတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပြီး EV ကားသုံးစွဲမှု တစ်စတစ်စ မြင့်တက်လာမယ်ဆိုရင် ရုပ်ကြွင်းလောင်စာတွေအပေါ် မှီခိုနေရတာတွေ၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်တွေနဲ့ ပြည်သူတွေရဲ့ စက်သုံးဆီကုန်ကျစရိတ်တွေကို လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

**ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲ**

EV ကားတွေနဲ့ပတ်သက်လို့ စက်သုံးဆီကားတွေထက် အားသာချက်တွေရှိနေတာကို များသောအားဖြင့် သိရှိနားလည် သဘောပေါက်လာကြပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ EV ကားတွေ ပိုင်ဆိုင်နိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးကြရပါဦးမယ်။ EV ကားတွေကို သက်သာတဲ့နှုန်းထားနဲ့ ဝယ်ယူခွင့်ရရှိအောင် မူဝါဒချမှတ်ပေးတာတွေ လုပ်ကြရပါဦးမယ်။ EV ကားတွေကို လက်ငင်းငွေပေးချေဝယ်ယူဖို့ အခက်အခဲရှိသူများတာကြောင့် အရစ်ကျစနစ်နဲ့ ပုဂ္ဂလိကဘဏ်တွေနဲ့ချိတ်ပြီး ရောင်းဝယ်နေကြတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာ စွမ်းအင်အကျပ်အတည်းမှာ EV ကားတွေရဲ့ အားသာချက်ဟာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ ခရီးဘယ်လောက်ဝေးဝေး စွမ်းအင်ကုန်ကျစရိတ် အနည်းငယ်သာရှိတဲ့အတွက် တွက်ခြေကိုက်ပါတယ်။

EV ကားသုံးစွဲသူတွေ အဆင်ပြေချောမွေ့စေဖို့အတွက် Charging Station တွေကို မြို့ကြီးတွေနဲ့ ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်းမှာ တည်ဆောက်ပေးထားလို့ အဆင်ပြေနေပြီဖြစ်ပါတယ်။ ကျန်တဲ့ဒေသတွေရဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေပေါ်မှာ အချိန်တိုအတွင်း Charging ဖြည့်သွင်းနိုင်တဲ့ Fast Charging System တွေ၊ Servicing တွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူတွေ ပူးပေါင်းပြီး ပေါင်းစပ်စီမံဖြည့်ဆည်းပေးတာ၊ ပြည်သူတွေနဲ့ အစိုးရဌာနအဖွဲ့အစည်းတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် Down payment and Installment စနစ်နဲ့ ပေါင်းစပ်ရောင်းချပေးတာ စတဲ့အစီအစဉ်တွေကို စီမံပေးနိုင်မယ်ဆိုရင် အနာဂတ်မှာ ကြုံတွေ့လာရမယ့် ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ အစားထိုးမယ့် EV ကားသုံးစွဲမှု ထွန်းကားလာမှာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

> **“ရေတိုနဲ့ ရေရှည်အရ ကြည့်မယ်ဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေဟာ ရုပ်ကြွင်းလောင်စာတွေနေရာမှာ တဖြည်းဖြည်းအစားထိုးဝင်ရောက်လာမှာဖြစ်ပါတယ်။ လုပ်ဆောင်ရတဲ့ရည်ရွယ်ချက်က ကုန်ကျစရိတ်သက်သာဖို့၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ဖို့၊ ရေနံစစ်ပွဲတွေကြောင့် စွမ်းအင်လုံခြုံရေးထိခိုက်မှုကို လျှော့ချနိုင်ဖို့အတွက်ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ စွမ်းအင်သုံးစွဲမှု လျှော့ချရေးကို ချက်ချင်းလုပ်ဆောင်ရမယ့် အစီအမံတွေအပြင် ရေရှည်အကျိုးရှိစေမယ့် လျှပ်စစ်ဓာတ်အား ကွန်ရက်တွေနဲ့ နေရောင်ခြည်သုံးစွမ်းအင်ဆိုလာစီမံကိန်းတွေ တိုးမြှင့်တည်ဆောက်ဖို့ အချက်ပေးလိုက်သလိုဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ကြွင်းလောင်စာအစားထိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုမယ့် လျှပ်စစ်ကား(EV)ကဏ္ဍ ချဲ့ထွင်ဖို့အတွက် ရေရှည်စီမံကိန်းတွေ တွန်းအားပေးလုပ်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်သလိုဖြစ်”**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## ပြည်သူလူထု၏အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**မန္တလေး မေ ၂၆**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် လက်ရှိကာလတွင် တက်တက်ကြွကြွ သက်ဝင်လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ လွဲမှားမှု မရှိစေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း။

ဥပဒေပြု လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများကို ဥပဒေအကာအကွယ် အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ ခေတ်စနစ်နှင့် မလျော်ညီသည့် တည်ဆဲဥပဒေများကို စနစ်တကျလေ့လာပြီး ပြင်ဆင်၊ ဖြည့်စွက်ပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့်ဥပဒေများ ပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ အွန်လိုင်း လိမ်လည်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် တားဆီး နှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်း ရေးဆွဲ၍ ဆောင်ရွက်ထားပြီး ဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး ဥပဒေမူကြမ်းအား ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ အနေဖြင့်လည်း မိမိတို့လွှတ်တော်အပေါ် မျှော်လင့်ချက် ယုံကြည်ချက် ထားရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မေးခွန်းများ တင်သွင်းမေးမြန်းရာတွင် ပြည်သူများ၏ အမှန်တကယ် လိုအပ်သည်များကို တင်သွင်းမေးမြန်းရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒကို အသေးစိတ်သိရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်အစိုး၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်း မျက်ခြည်မပြတ် မှတ်သားလေ့လာပြီး လွှတ်တော်ကဏ္ဍမှ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့်အစိုးရ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်အတွက် အစိုးရ၏မူဝါဒ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၊ မျက်မှောက်ခေတ် နိုင်ငံတကာသတင်းများကို မျက်ခြည်မပြတ် လေ့လာကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များကလည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ လက်ထက်တွင် ပိုမိုကောင်းမွန်သည့် လွှတ်တော်များဖြစ်လာစေရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစားသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ထူးထူးခြားခြား ပြည်သူ့အကျိုးပြုသည့် လွှတ်တော် ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မိမိတို့လွှတ်တော်သည် လွှတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲမှ သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသဖြင့် ပြည်သူနှင့် အနီးကပ်ဆုံး အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအားကိုးရာ နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့မိမြို့ဖနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အခက်အခဲနှင့် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးကြရန်နှင့် လွှတ်တော်များမှလည်း သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဥပဒေအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးခြင်းများ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ယခုတင်ပြလာသော လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာအခက်အခဲများ၊ အများနှင့်သက်ဆိုင်သည့် အခက်အခဲများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော MSME အခက်အခဲများနှင့် ပတ်သက်သည့် တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးကို ဥပဒေပြုလွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၂၆**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများက ဘွဲ့ယူမည့်သူများအား ဘွဲ့အပ်နှင်းပေးရန် ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုပါရဂူဘွဲ့၊ ပါရဂူဘွဲ့ (ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ)၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ (ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ (ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ (ခန္ဓာသန်စွမ်းမှုနည်းပညာ)၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာနှင့် နှလုံးရောဂါအထူးပြုသူနာပြုစုမှုဒီပလိုမာရရှိသူတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ် ဆောက်လုပ်မည့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ မြေနေရာ၌ ကျင်းပသည်။



## တက်ရောက်

အခမ်းအနားသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် အင်ဂျင်နီယာချုပ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောက်လုပ်မည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ဗဟိုပန္နက်တိုင်ကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ဝန် ဦးကံမြင့်သန်းနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့က သတ်မှတ်နေရာအသီးသီးရှိ ပန္နက်တိုင်များကိုလည်းကောင်း မင်္ဂလာပန္နက်တော်တင်ကြပြီး မင်္ဂလာပန်းကြဲခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန တည်ဆောက်မည့်နေရာအား လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန နှစ်ထပ်အဆောက်အအုံသစ်အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျခံသုံးစွဲတည်ဆောက်ခြင်းဖြစ်ပြီး မြေဧက ၈ ဒသမ ၅ ဧက အကျယ်အဝန်းရှိကြောင်း၊ အဆောက်အအုံ၏ ပထမထပ်တွင် စုစုပေါင်း အခန်း ၄၁ ခန်းနှင့် မြေညီထပ်တွင် အစည်းအဝေးများပြုလုပ်နိုင်ရန် အင်အား ၁၈၀ ခန့် ဝင်ဆံ့သည့် ခန်းမတစ်ခန်း၊ ၂၀၀ ခန့် ဝင်ဆံ့သည့် ထမင်းစားခန်း တစ်ခန်းအပါအဝင် စုစုပေါင်း ၄၂ ခန်း ပါဝင်ကြောင်းနှင့် ငလျင်ဒဏ်ခံနှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် မိုးရာသီသစ်ပင် စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ မေ ၂၆**

မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သစ်တောဦးစီးဌာန အနေဖြင့် တစ်အုပ်တစ်မ ထင်းစိုက်ခင်းများ စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ထားကြစေလိုကြောင်း၊ မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက် စိုက်ပျိုးထားသော အပင်များ ဖြစ်ထွန်း ကြီးထွားနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားနိုင်ရန်အတွက် အောက်ခြေ ရှင်းအလင်းဖွင့်ခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မိုးရာသီပန်းအလှပင်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



မန္တလေးတိုင်း ဒေသကြီး မိုးကုတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးဦးနိုင်မိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မိုးကုတ်မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ ဟိုတယ်နှင့် တည်းခိုခန်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို မေ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသားကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ဒေါပုံမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား နေအိမ်အရောက် အခမဲ့ရေပေးဝေ

ဒေါပုံ မေ ၂၆

ဒေါပုံမြို့နယ်တွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအား ယမန်နေ့နံနက် ၉ နာရီတွင် တာဝန်ရှိသူများက သောက်သုံးရေများကို နေအိမ်များအရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။



ထိုသို့ပေးဝေရာတွင် ဒေါပုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးရာဇာထွန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက သောက်သုံးရေရရှိရန် အခက်အခဲ ဖြစ်ပေါ်နေသည့် နွယ်အေးရပ်ကွက် တံတားဟောင်းရှိ အိမ်ခြေ ၄၀ အတွက် ရေဂါလန် ၆၀၀၀ ကို ရပ်ကွက်အတွင်း နေအိမ်များအရောက် အခမဲ့ လှူဒါန်းဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး

လွိုင်ကော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်အတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် ကျောင်းဝတ်စုံ၊ ချီးမြှင့်ငွေများ၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသကွပ်ကဲရေးမှူးတို့က စီမံဝန်ထမ်းများ၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံစရိတ်၊ ချီးမြှင့်ငွေ၊ အခမဲ့ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများကိုပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် လွိုင်ကော်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောဝမ္မ၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တက်ရောက်

ပဲခူး မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံးစာအုပ်များ၊ မူလတန်းကျောင်းဝတ်စုံများ၊ စာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် ခဲတံ၊ ဘောပင်များကို သက်ဆိုင်ရာခရိုင်ပညာရေးမှူးတို့ထံ ပေးအပ်သည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားမိဘများက မိမိတို့၏သားသမီးများအား KG တန်းမှ Grade 12 အထိ စာသင်ခန်းများအလိုက် ကျောင်းအပ်လက်ခံနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး မူလတန်းအဆင့် ကျောင်းအပ်နှံသည့် သားငယ် သမီးငယ်တို့အား ဗလာစာအုပ်၊ ခဲတံ၊ ပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်တွင် အစိုးရကျောင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း ၅၀၀၊ အလယ်တန်း ၂၁၅၉ ကျောင်း၊ မူလတန်း ၁၈၂၃ ကျောင်းတို့ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ပုဂ္ဂလိကကျောင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း ၈၇ ကျောင်း၊ အလယ်တန်း ၁၆ ကျောင်းနှင့် မူလတန်း ၁၄ ကျောင်းတို့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တက်ရောက်

မုံရွာ မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပုံနှိပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# ဒလမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

ဒလ မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်နှင့် ခရိုင်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒလမြို့နယ် လူရည်ချွန်ကျောင်းသား မောင်ဖွဲ့ခန့်လွင် အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲရင့်သူ(ပြန်/ဆက်)

# ကွမ်းခြံကုန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



ကွမ်းခြံကုန်း မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(၁) သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေသော ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် အားကစားပစ္စည်း(ဘောလုံး)၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



**○ ဖိလစ်ပိုင်ဖိတ်ခေါ်မှု**

မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်နေစဉ်ကာလအတွင်း ကစားသမားအချို့ အပြောင်းအလဲပြုလုပ်ထားပြီး ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်လာသည့် အသင်းခေါင်းဆောင် မောင်မောင်လွင်လည်း အသင်းနှင့် ပူးပေါင်းနေသလို မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းခေါင်းဆောင် အောင်သီဟကိုလည်း အသင်းနှင့် ပူးပေါင်းလေ့ကျင့်စေလျက်ရှိသည်။

ဖိလစ်ပိုင် သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ မြန်မာ၊ ဂူအမ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ဂူအမ်အသင်း၊ ဇွန် ၆ ရက်တွင် မြန်မာအသင်းနှင့် ဂူအမ်အသင်း၊ ဇွန် ၉ ရက်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ TPE Co., Ltd. နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်)ရှိ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (Heat Recovery Power Station-HRPS) လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် စက်ရုံအောင်မြင်စွာ စတင် လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ အလိုက် အသေးစိတ် စစ်ဆေးဆောင်ရွက်ရေး၊ လိုအပ်သည့် ပစ္စည်းဖြည့်တင်းမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ HRPS ပြီးစီးပါက Romelt Furnace ၏ Waste Heat Boiler မှ ထွက်ရှိလာသည့် စွန့်ပစ်အပူကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး သံမဏိစက်ရုံ၏ သံရည်ကျို လုပ်ငန်းအတွက် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်စေမည့်အပြင် ပိုလျှံလျှပ်စစ်ဓာတ်အားများအား National Grid သို့ ပို့လွှတ်ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး မိတ္ထီလာမြို့နယ် သမဝါယမအသင်းသားများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ်မုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာပိုင်သုခန်းမတွင် ကျေးရွာအုပ်စုအတွင်းမှ နွေစပါးစိုက် သမဝါယမအသင်းသားတောင်သူများ၊ နို့စားနွားမွေးမြူကြသည့် သမဝါယမအသင်းသားများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် သမဝါယမကဏ္ဍကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သက်တံ့ရောင် သမဝါယမစီမံကိန်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လိုအပ်သည့် အရင်းအနှီး၊ အထွက်တိုးမျိုး၊ သွင်းအားစုများကို ထောက်ပံ့ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တောမကျေးရွာအုပ်စု မကျီးပင်ကျေးရွာသို့ သွားရောက်၍ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းသားတောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သမဝါယမ စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ရွှေတြိဂံနို့စားနွား မွေးမြူရေးလုပ်ငန်း သမဝါယမအသင်းက ဖရီးရှန်နို့စားနွားများ မွေးမြူထားရှိမှု၊ သဲကုန်းမွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ထုတ်လုပ်သော နို့စတော်ဘယ်ရီ ဒိန်ချဉ်၊ နို့အေးနှင့် နို့ခဲများ၊ ဖရီးရှန်နို့စားနွားများ မွေးမြူထားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ညောင်မြင့်ကျေးရွာနှင့်လိန်တောကျေးရွာ၌ စိုက်ပျိုးရေး သမဝါယမ အသင်းသားများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရေကြည် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်၍ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ပြုလုပ်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များပူးပေါင်း၍ ရပ်ကွက်နှင့်ကျေးရွာများရှိ



စာသင်ကျောင်းများ၊ လူနေအိမ်များတွင် ပိုးလောက်လမ်း ပေါက်ပွားနိုင်သည့်နေရာများ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မော်လမြိုင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

မော်လမြိုင် မေ ၂၆

ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ဦးဆောင်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မေ ၂၅ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာစာသင်ကျောင်းများတွင် ပိုးလောက်လမ်းများပေါက်ပွားနိုင်သည့် ရေလှောင်ကန်များ၊ ရေစည်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို လိုက်လံစစ်ဆေးကြပြီး ပိုးလောက်လမ်းမရှိစေရေး အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များအတွင်း လိုက်လံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# ပုသိမ်မြို့၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်

ပုသိမ် မေ ၂၆

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းက ပုသိမ်စက်မှုစီမံကိန်းရုံး၌ ပြုလုပ်သည်။

ဦးစွာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများမှ တိုင်းဒေသကြီး တာဝန်ခံများက အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါ အကျိုးခံစားခွင့် များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများ၊ လုပ်ငန်းခွင်ဆိုင်ရာလိုက်နာရမည့်တာဝန်များနှင့် အငြင်းပွားမှုဖြေရှင်းသူများ လိုက်နာရမည့်ကျင့်ဝတ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းသို့ စက်ရုံ၊ အလုပ်ရုံ ၁၀ ရုံမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငပုတောမြို့နယ်၌ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ငပုတော မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မြစ်ရော မွေး/ထွေ သမဝါယမအသင်းက လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရယူဆောင်ရွက်သော (သက်တံ့ရောင်စီမံကိန်း) နွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာအေးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာရှိ မြစ်ရော မွေး/ထွေ သမဝါယမအသင်းမှ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရယူဆောင်ရွက်သော (သက်တံ့ရောင်စီမံကိန်း) နွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသူ အသင်းသား ငါးဦး မွေးမြူသော နွားကောင်ရေ ၁၀ ကောင်မှ ထပ်မံပေါက်ပွားသော နွားသားပေါက်ကောင်ရေ ၁၃ ကောင်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**






## မီးသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားချက်

**နေပြည်တော်  မေ  ၂၆**

၁၃၂ ကေဗွီ ညောင်ပင်ကြီး – ဗုဒ္ဓကုန်း ဓာတ်အားလိုင်းတွင် ယနေ့မွန်းလွဲ ၁၂နာရီ ၅ မိနစ်တွင် လိုင်းချို့ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပခုက္ကူမြို့နယ်နှင့်မြိုင်မြို့နယ်တို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းတစ်လျှောက် လိုက်လံစစ်ဆေးခဲ့ရာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်အား တွေ့ရှိရသဖြင့် အမြန်ဆုံးခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ယခုအခါ လိုအပ်သော ရှင်းလင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပါသဖြင့် ယနေ့ညနေ ၅ နာရီ ၁၃ မိနစ် မှစတင်၍ အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်များသို့ ဓာတ်အား ပုံမှန်အတိုင်းပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော်  မေ  ၂၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ် မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



☆ **ကျောဖုံးမှ**

တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ကလေးမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ညနေပိုင်းတွင် ဖလမ်းမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

**ဆက်လက်ပို့ဆောင်ပေးသွားမည်**

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရန်ကျန်ရှိသည့်မြို့များသို့လည်း ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏လိုအပ်ချက်အပေါ် မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## အင်ပူမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ရုံးလုပ်ငန်းသင်တန်း ဖွင့်လှစ်

**အင်ပူ  မေ  ၂၆**

ဧရာဝတီတိုင်း ဒေသကြီး အင်ပူမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ရုံးလုပ်ငန်းနှင့် စာရင်းရေး စာရင်းကိုင်သင်တန်း ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရုံးလုပ်ငန်းနှင့် စာရင်းရေး စာရင်းကိုင် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ပို့ချသည်။



သင်တန်းသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၃ ဦး တက်ရောက်ပြီး နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ လှေလှော်ကန် (၂)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**သထုံ  မေ  ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လှေလှော်ကန် (၂)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မေ ၁ ရက်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စတင်ဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**သဇင်**



❖ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်း ပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့်ကျောင်းဝတ်စုံတစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ် ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## အုတ်တွင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံခြင်းများဆောင်ရွက်

**အုတ်တွင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းများကို ယမန်နေ့ နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

အုတ်တွင်းမြို့နယ်တွင် အခြေခံပညာကျောင်း အထက ခြောက်ကျောင်း၊ အထက(ခွဲ) ငါးကျောင်း၊ အလကနှစ်ကျောင်း၊ အလက(ခွဲ)၂၁ ကျောင်း၊ အမကခုနစ်ကျောင်း၊ အမက(ခွဲ) သုံးကျောင်း၊ အမက (မူလွန်) ၉၃ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းသုံးကျောင်း စုစုပေါင်း ၁၄၀ ရှိပြီး ပညာရေးဝန်ကြီးဌာနမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ နှင့်ခဲတံများ၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ( ပြန်/ဆက်)**



## မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မုဒုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

**မုဒုံ မေ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက (၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ (စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၈၀၄၂၅၈၀၀)ကို မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးသက်ထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများကပေးအပ်ရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမများက လက်ခံရယူသည်။ ယင်းနောက် မြို့နယ်အတွင်းရှိ ပညာရေး စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၇၅၂ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းသီဆိုကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**မိတ္ထီလာ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အတွင်းမှ လူရည်ချွန်ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် ကျောင်းပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ပြီး အထက(၁) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**





## ရန်ကင်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကင်း မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်သီတာစံက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ဖြန့်ဝေပေးသော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများနှင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက လှူဒါန်းသော ကျောင်းရန်ပုံငွေများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲလေး(ပြန်/ဆက်)**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အခြေခံပညာဦးစီးဌာနမှ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပစဉ်။

ပြည့်ဖြိုး(ပြန်/ဆက်)



## ဘားအံမြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**ဘားအံ မေ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံခရိုင် ပညာရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ လက်အဝယ်ရောက် ဖြန့်ဝေပေးခဲ့ပြီး ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူ ၄၀ အား ကျောပိုးအိတ်၊ ထီး၊ ဗလာစာအုပ်နှင့် ခဲတံများကို ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိ လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်



နေပြည်တော် မေ ၂၆

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)မှ လေကြောင်းလူငယ်သင်တန်းသားများ၊ နည်းပြ/ အုပ်ချုပ်သူများသည် မေ ၂၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုအမှာစကားပြောကြားမှုကိုခံယူပြီး လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ တပ်မတော်လေယာဉ်များ၊ Diesel Electric Multiple Unit (DEMU) မီးရထားများဖြင့် ပြောင်းရွှေ့အခြေပြုကြပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက် စင်တာသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ သင်တန်းသားများနှင့် နည်းပြ/အုပ်ချုပ်သူများသည် ရန်ကုန်မြို့သို့ ပြေးဆွဲမည့် DEMU လူစီးအမြန်ရထားများ စီးနင်းရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။ ထို့နောက် နေပြည်တော်-ရန်ကုန် ရထားလမ်းတစ်လျှောက် DEMU လူစီးအမြန်ရထားများဖြင့် ထွက်ခွာလာရာ ပျဉ်းမနားဘူတာ၊ တောင်ငူဘူတာ၊ ဖြူးဘူတာ၊ ဒိုက်ဦးဘူတာ၊ ပဲခူးဘူတာနှင့် တိုးကြောင်ကလေး ဘူတာတို့တွင် ခေတ္တရပ်နားကြသည်။ လေကြောင်းလူငယ် သင်တန်းသားများက နေပြည်တော် - ရန်ကုန် ရထားလမ်းတစ်လျှောက် ဖြတ်သန်းခဲ့ကြသည့် မြို့၊ ရွာနှင့် တံတားများအား ဒေသန္တရဗဟုသုတအဖြစ် လေ့လာမှတ်သားခဲ့ကြသည်။ ယင်းနောက် လေကြောင်းလူငယ်သင်တန်းသားများနှင့် နည်းပြ/ အုပ်ချုပ်သူများ လိုက်ပါလာသော DEMU လူစီးအမြန်ရထားများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ကြပြီး ရန်ကုန်ဘူတာကြီးမှတစ်ဆင့် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ပြောင်းရွှေ့အခြေပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် လေကြောင်းလူငယ် သင်တန်းသားများအား ပြခန်းခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်)နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖို အမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများမှ ထွက်ရှိသော ရေဒီယိုသတ္တိကြွမှု တိုင်းတာဖော်ပြသည့်စက်များ၊ နျူကလီးယားဓာတ်ပေါင်းဖို တစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံများကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများအား ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ အသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုလျက်ရှိသည့် ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်ဒိုနီးရှားနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကာကွယ်ရေး စည်းမျဉ်းကို ချိုးဖောက်သည့် အီလက်ထရွန်နစ် ကုန်သွယ်ရေးစကြံများအား အရေးယူဆောင်ရွက်မည်


ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကာကွယ်ရေးစည်းမျဉ်းကို ချိုးဖောက်ကြောင်းတွေ့ရှိရသည့် အီလက်ထရွန်နစ် ကုန်သွယ်ရေးစကြံများအား အရေးယူဆောင်ရွက်မည့် စည်းမျဉ်းများကို ထုတ်ပြန်ရန်ဆောင်ရွက်နေကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီး မာမန်အဗ္ဗဒူရာမန်က မေ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါစည်းမျဉ်းမူကြမ်းသည် အပြီးသတ်ရန် နီးကပ်နေပြီး ၎င်းစည်းမျဉ်းအရ ဒီဂျစ်တယ်စကြံများနှင့် အွန်လိုင်းရောင်းချရေးလုပ်ငန်းများအတွက် ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ ယခုဆောင်ရွက်ချက်သည် ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ဝန်ဆောင်ခများမြင့်မားခြင်းနှင့် ဈေးကွက်အလွဲသုံးစားပြုခြင်းများကို တွေ့ရှိခဲ့ပြီးနောက် ဆောင်ရွက်ခြင်းဖြစ်သည်။

အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမသေချာမှုများ မြင့်တက်နေချိန်တွင် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဈေးကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ




## လာအိုနိုင်ငံ၌ သစ်တောထိန်းသိမ်းရေး ဆောင်ရွက်



ဗီယင်ကျန်း မေ ၂၆

လာအိုနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးအတွက် သစ်တောဧက ဟက်တာ ၅၀၀၀၀ ပေါ်တွင် သစ်ပင်စိုက်ပျိုးရေးဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုအစိုးရက ပြောကြားသည်။

အစိုးရသည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှု မြှင့်တင်ရန်အတွက် သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် သစ်တောပြန်လည်ထူထောင်ရေး အစီအစဉ်များကို အရှိန်မြှင့် ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး လန်ခန် ဒေါင်ဆာဗန်က ပြောကြားသည်။

ယခုနှစ် ဇွန် ၁ ရက်တွင် ကျင်းပမည့် အမျိုးသားသစ်တောနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် သစ်ပင်ပျိုးပင် ၄ ဒသမ ၅ သန်းအား စိုက်ပျိုးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံအတွင်း အမျိုးသားသစ်တောနေ့ ကျင်းပရခြင်းမှာ နိုင်ငံသားများအား သစ်တောနှင့်ပတ်သက်သည့် ဗဟုသုတများကို အသိပညာပေးရန်နှင့် သစ်တောသဘာဝသယံဇာတအား စောင့်ရှောက် ထိန်းသိမ်းရန်အတွက်ဖြစ်ကြောင်း သိရသည်။ ရေဝေရေလဲ ဒေသများအား ကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ မြေဆီလွှာ ပျက်စီးမှုကို လျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ လျှော့ချခြင်းတို့တွင် သစ်တောများ၏ အခန်းကဏ္ဍကို ဝန်ကြီးက အရေးပေးပြောကြားသည်။

လာအိုနိုင်ငံသားများ အနေဖြင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြန်လည်ထူထောင်ရေး လုပ်ဆောင်မှုများကို ပံ့ပိုးခြင်းဖြင့် နိုင်ငံ၏ သစ်တောအရင်းအမြစ်များအား တန်ဖိုးထားကာကွယ်ရန် ၎င်းက ပန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ထိုင်းနိုင်ငံ၌ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှ ခရီးသွားများအား အီဘိုလာရောဂါစောင့်ကြည့်စစ်ဆေးမှု ဆောင်ရွက်မည်

ဗန်ကောက် မေ ၂၆

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်းရောက်ရှိလာသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှ ခရီးသွားများအား ၂၁ ရက်ကြာ အီဘိုလာရောဂါ စောင့်ကြည့်စစ်ဆေးမှု ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၆ ရက်တွင် ပြောကြားသည်။

ယခုဆောင်ရွက်သည့် အစီအစဉ်အရ ယင်းနှစ်နိုင်ငံမှ ခရီးသွားများနှင့် ခရီးခေတ္တရပ်နားရာနေရာအဖြစ် ဝင်ရောက်လာသူများ အနက် ရောဂါလက္ခဏာမပြသသူများအား သတ်မှတ်နေရာများတွင် ၂၁ ရက်ကြာ အီဘိုလာရောဂါ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်သည်။ ရောဂါလက္ခဏာပြသသူများအား ဆေးရုံများတွင် ၂၁ ရက်ကြာထားရှိပြီး ရောဂါ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံကျန်းမာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆွမ်ရွှတ် ဂျွန်ဆမန်က ပြောကြားသည်။

လက်ရှိအချိန်တွင် အီဘိုလာရောဂါကူးစက်သည့်ဒေသများမှ ရောက်ရှိလာသူများအား သုဝဏ္ဏဘူမိလေဆိပ်မှသာ ဝင်ရောက်ခွင့်ပြုပြီး နိုင်ငံအတွင်းရောက်ရှိလာသည့် ၇၂ နာရီကာလအတွင်း ရောဂါစောင့်ကြည့်စစ်ဆေးသည့် ကုန်ကျစရိတ်ကို ထိုင်းတာဝန်ရှိသူများက ပေးမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိဆိုဒ်များအတွင်းသို့တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် သုံးနေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မကွေးမြို့နယ်၌ ငွေကျပ် သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၂၀၇ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

မကွေးမြို့နယ်၌ ငွေကျပ် သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၂၀၇ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ ဟန်မင်းကို(ခ)မင်းမင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် မကွေးမြို့နယ် ကန်ပြားကျေးရွာ အနီးတွင် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဟန်မင်းကို(ခ)မင်းမင်း ၄၈ နှစ် မောင်းနှင်လာသော Toyota Landcruiser Prado အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၅၀၀) သိမ်းဆည်းရမိသဖြင့် ဟန်မင်းကို(ခ)မင်းမင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်ရှိ ကားဂိတ်၌ မီနီအိုးဝေဖြင့် တန်ဆာပစ္စည်းလာရောက်ထုတ်ယူသူ အောင်မြေသာစံမြို့နယ် ရွှေလောင်းညွန့်ရပ်ကွက်နေ ညီညီဝိုင်း ၃၉ နှစ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၀၇ သိန်း) သိမ်းဆည်းရမိသဖြင့်ညီညီဝိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်လံမြို့နယ်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများ မီးဘေးကာကွယ်ရေးစစ်ဆေး



အောင်လံ မေ ၂၆

အောင်လံမြို့နယ် အတွင်းရှိ FSC လက်မှတ်လျှောက်ထားသော ကိုယ်ပိုင်အထက်တန်းကျောင်းများ၌ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များအား တိကျစွာ လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး ဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက စစ်ဆေးပြီး လိုအပ်ချက်များ အကြံပြုခဲ့ကြောင်း သိရသည်။ **ကိုခန့်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံသုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နှင့် အများ ပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်း ကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်း လိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်း မရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီး ခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆာက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယနေ့တွင် ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံခြောက်လုံးအား ဖြိုချဖျက်ဆီးပြီး ဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၇၁ လုံးကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ် ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်







ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လေးထပ်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးသည့်အခြေအနေကို တွေ့ရစဉ်။

## ကျောက်ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ကျောက်ပန်းတောင်း မေ ၂၆

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ပြောကြား

ချေးငွေ ပေးအပ်ပွဲတွင် ကျောက်ပန်းတောင်း မြို့နယ် ချေးငွေအကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုး သီးနှံများကို လျာထားချက် ကျော်လွန်အောင် စိုက်ပျိုးသွားကြရန်၊ ရည်မှန်းချက်နှင့် ပန်းတိုင် အထွက်နှုန်းရရှိရေး အလေးထား ဆောင်ရွက်ကြရန် ပြောကြားသည်။



ဆက်လက်၍ မြို့နယ်မန်နေဂျာ ဒေါ်လွင်မာထွန်းက ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမှု အခြေအနေများ နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မန်နေဂျာတို့က ခင်မွန် ကျေးရွာအုပ်စုမှ တောင်သူများထံ စိုက်ပျိုးစရိတ် ချေးငွေများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြ သည်။

နေအောင်(ပြန်/ဆက်)



## ပြင်ဦးလွင်မြို့ ဘက်စုံသားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ပြင်ဦးလွင် မေ ၂၆

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ဘက်စုံသားဖွားသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ် စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ရှိ ဘက်စုံသားဖွား သင်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ပြင်ဦးလွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ၊ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ဗမာစာပေ နှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းတို့က Moderator အဖြစ် ဆောင်ရွက်ပြီး ဘက်စုံသားဖွားသင်တန်းကျောင်းမှ သင်တန်းသူများက ဦးဆောင်းအပ်နှင်းခြင်းဆိုင်ရာ အကြောင်းအရာများ နှင့် အပ်နှင်းရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

## မြိတ်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော



မြိတ် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်ဖျာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်ဆန်းက “မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ” အကြောင်းအရာများကို အသိပညာပေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသူများအား မီးခိုး မြူငွေ့လျှော့ချရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ




နေပြည်တော် မေ ၂၆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်(၄)ဇုန် ခွဲ၍ ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်ကစား

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နောင်တရားမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲ ကျင်းပ

နောင်တရား မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားမြို့ တီကျစ်နဂါးဘိလပ်မြေစက်ရုံတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို မေ ၂၅ ရက်က စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တီကျစ်နဂါးဘိလပ်မြေစက်ရုံမှူး ဦးဆလိုင်းဇေယျာတင်မြင့်က အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မီးဘေးကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အခြေခံသင်တန်းကို သင်တန်းသား ၃၅ ဦးနှင့် သင်တန်းနည်းပြသုံးဦးဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**နောင်တရား(ပြန်/ဆက်)**



## မြောင်းမြမြို့ မိုးရာသီသစ်ပင်စိုက်ပွဲ၌ စိုက်ပျိုးမည့်ပျိုးပင်များ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မြောင်းမြ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်သာသနာ့နယ်မြေတွင် ၂၀၂၅ ခုနှစ် သတ္တမအကြိမ် တိုင်းဒေသကြီးအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်စိုက်ပင်များ ရှင်သန်အောင်မြင်မှုအခြေအနေကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်မေသန်းဦး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စိုက်ပင်များ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြောင်းမြမြို့ ဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကပ်ကာစေတီတော်အနီး၌ ၂၀၂၆ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးမည့် မိုးအကြိုသစ်ပင်စိုက်ပျိုးပွဲနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြောင်းမြမြို့နယ် ကျောက်ကုန်းကြီးဝိုင်း အကွက်အမှတ်(၂)ရှိ ပုဂ္ဂလိကသစ်မာစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးက မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန မြို့မတိနယ်ရှိ ယာယီပျိုးဥယျာဉ်၌ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်သော လူထုဖြန့်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အချိန်မီဖြန့်ဝေနိုင်ရေးနှင့် ရှင်သန်အောင်မြင်အောင် စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

## ၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲ ဇွန်လတွင်ကျင်းပမည်

ရန်ကုန် မေ ၂၆

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲကို ၂၀၂၆ ခုနှစ် ဇွန်၁၃ ရက်မှ ၁၄ ရက်အထိ Sedona Hotel Yangon ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်က ပြောကြားသည်။

၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲသည် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့နိုင်ငံ၏ထူးခြားလှပသော ခရီးသွားဆွဲဆောင်မှုများကို ပြည်တွင်းခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းသာမက နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ကိုင်သူ ခရီးသွားလုပ်ငန်းရှင်များအား ပြန်လည်မိတ်ဆက်ပြသရန်ဖြစ်သည်။

ယင်းပြပွဲတွင် ပြည်တွင်းမှခရီးသွားကုမ္ပဏီ ၅၀ ခန့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်ပြသမည်ဖြစ်ပြီး မလေးရှား၊ ကိုရီးယား၊ ရုရှား၊ ပြင်သစ်၊ စပိန်၊ စလိုဗက်ကီးယား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## ရေစကြိုမြို့နယ်၌ မိုးသီးနှံမျိုးစေ့များ ပေးအပ်

ရေစကြို မေ ၂၆

ရေစကြိုမြို့နယ်၌ မိုးသီးနှံမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက ဒေသခံတောင်သူများ အနေဖြင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှထွေးအောင်က စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်များ၊ မျိုးစေ့ထုတ်လုပ်ငန်း၊ စိုက်နည်းစနစ်မှန်ကန်စွာ တိုးတက်လာစေရေး တောင်သူများက ပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်နည်းစနစ်များ မှန်ကန်စွာ လိုက်နာကျင့်သုံးကြရန် ဆွေးနွေးပြောကြားသည်။



ယင်းနောက် လက်ပံပင်ကျေးရွာ၊ ကူတုတ်ကျေးရွာ၊ ရွှေကျောင်းကျေးရွာ၊ နွားထိန်းကျေးရွာ၊ သာစည်ကျေးရွာတို့မှ တောင်သူများအား စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေဇင်မို့(ရေစကြို)**

## ဗဟန်းမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု အသိပညာပေး

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဗဟန်း)တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် "ရာသီဥတုပြောင်းလဲဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို မေ ၂၄ ရက်တွင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးခိုင်က ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးချမ်းမိုးက ရာသီဥတုပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ကြုံတွေ့ရမည့် ဆိုးကျိုးသက်ရောက်မှုများ၊ ပြည်သူလူထုတစ်ရပ်လုံး အသိပညာ ရှင်သန်လာစေရန်နှင့် လက်တွေ့ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ကျင်းပသော ပြည်ထောင်စုစိတ်ဓာတ် တိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းက ပြည်ထောင်စုစိတ်ဓာတ်မြင့်မားရေး အသိပညာပေးဟောပြောခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# 'မှို' သို့မဟုတ် 'သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်'



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ခုနှစ် ၊ မေလ)

၁

## သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



'မှို'သည် ကယ်လိုရီဓာတ် နည်းပါးစွာပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

## မှို၏ အာဟာရတန်ဖိုးများ

မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့်တို့ ပါဝင်ပါသည်။

၂

## မှိုတွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

## မှို၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန် ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာချေစနစ်ကို အထောက်အကူပြုပါသည်။

၄

## မှို၏ အသုံးဝင်မှုများ

ဆေးဖက်ဝင်မှိုများ၏ ထူးခြားချက်

လင်ဇီးမှို (Reishi) - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်ပါသည်။

ကောက်ရိုးမှို - နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

ကြွက်နားရွက်မှို (Wood Ear) - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မှိုကို "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ်စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

## သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မှိုကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။




၆

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## ဝန်ကြီးဌာနတင်ဒါကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၄) မျိုးကို ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| (က) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 1 |
| (ခ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 2 |
| (ဂ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ အုတ်ခြံစည်းရိုးကာရံခြင်း (၁၄၈၅'x၆')၊ ဂိတ်တံခါး (၂၅' x ၆') (၃) ပေါက် (RC Post RC Ground Beam RC Lintel)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 3 |
| (ဃ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၇၂'x၅၉') RC ၄ ခန်းတွဲ ၄ ထပ် အရာထမ်းအိမ်ရာ (၁) လုံး (ပေါ်တီကိုအပါအဝင်) အား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ကွန်ကရစ်လမ်း (Road Curb အပါ) (၁၀၀၀' x ၁၂' x ၈" ထု) နှင့် ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၁) လုံး ဆောက်လုပ်ခြင်း | Lot – 4 |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် – ၈-၆-၂၀၂၆ရက်နေ့မှ၁၂-၆-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၃။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့်နေ့ရက် – ၂၂-၆-၂၀၂၆ ရက်နေ့ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ – လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ် ဥ (၇၇)၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၅။ သတ်မှတ်ချက်ထက် နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၇၇၆၁၇၄၁၀၄၊ ၀၉-၆၈၉၃၂၃၁၁၀၊ ၀၉-၇၉၇၈၉၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## တောင်ကြီးတက္ကသိုလ်
## စီးပွားရေးဥပဒေ ဒီပလိုမာ
## Diploma in Business Law(DBL)
## အမှတ်စဉ်(၅/၂၀၂၆)
## သင်တန်းလျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ကြီးမှူး၍ တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာနတွင် စီးပွားရေးဥပဒေဒီပလိုမာ Diploma in Business Law(DBL) အမှတ်စဉ်(၅/၂၀၂၆)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

၁။ တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
၂။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ရန် ခွင့်ပြုကြောင်း အထောက်အထား တင်ပြရမည်။
၃။ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေ၊ နှုတ်ဖြေပြုလုပ်၍ ရွေးချယ်လက်ခံမည်ဖြစ်ပါသည်။
၄။ သင်တန်းကာလ – ( ၉ )လ
ပထမနှစ်ဝက်
(၂၀၂၆ ဇွန်လမှ ၂၀၂၆ အောက်တိုဘာလ)
ဒုတိယနှစ်ဝက်
(၂၀၂၆ နိုဝင်ဘာလမှ ၂၀၂၇ မတ်လ)
၅။ သင်တန်းချိန် – တနင်္လာနေ့မှသောကြာနေ့ ( နံနက် ၇နာရီ မှ ၉နာရီ )
၆။ လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် – ၂၉ – ၅ – ၂၀၂၆ (သောကြာနေ့)
လျှောက်လွှာထုတ်ပေးမည့်နေရာ – သင်တန်းရေးရာဌာန၊ တောင်ကြီးတက္ကသိုလ်။
၇။ လျှောက်လွှာပိတ်ရက် – ၁၂ – ၆ – ၂၀၂၆ (သောကြာနေ့)
၈။ ဝင်ခွင့်ဖြေဆိုရမည့်ရက် – ၁၅ – ၆ – ၂၀၂၆ (တနင်္လာနေ့)
ဝင်ခွင့်ဖြေဆိုရမည့်အချိန် – နံနက် (၉ နာရီ မှ ၁၀ နာရီ)
၉။ ဝင်ခွင့်နှုတ်ဖြေ ဖြေဆိုရမည့်ရက် – ၁၆ – ၆ – ၂၀၂၆ (အင်္ဂါနေ့)
ဝင်ခွင့်နှုတ်ဖြေ ဖြေဆိုရမည့်အချိန် – နံနက် (၉:၀၀) နာရီ
ဝင်ခွင့်နှုတ်ဖြေ ဖြေဆိုရမည့်နေရာ – လှိုင်လင်ဆောင်၊ ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်။
၁၀။ ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက် – ၁၉ – ၆ – ၂၀၂၆ (သောကြာနေ့)
၁၁။ သင်တန်းစတင်ဖွင့်မည့်နေ့ – ၂၅ – ၆ – ၂၀၂၆ (ကြာသပတေးနေ့)
၁၂။ အသေးစိတ်သိရှိလိုပါက တောင်ကြီးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန (ဖုန်း ၀၈၁–၂၁၂၁၀၉၀)နှင့် ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်၊ (ဖုန်း ၀၉–၂၀၄၃၉၄၁)တွင် စုံစမ်းနိုင်ပါသည်။

**(လှိုင်ထွန်း)**
**အတွင်းရေးမှူး**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**
**တောင်ကြီးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆စီ၊ မြေကွက်အမှတ်-၂၃ဂျီ/၂ ဧရိယာ–၀.၁၁၈ ဧကအကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်းသွယ်၊ အမှတ်-၁၃၅ အီး/၁ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သဇင်ခင် (၁၂/ဗဟန(နိုင်)၀၉၀၆၉၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ မြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၉၉၆)၊ မြေကွက်လိပ်စာအမှတ်(၉၉၆)၊ ငွေတောင်လမ်း၊ အမှတ်(၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဒေါ်ဝေဝေမြ (J/RGN–၀၂၃၀၉၀)အမည်ပေါက်ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ) (မြေကွက်အမှတ်–၉၉၅နှင့် ကပ်လျက်ရှိသောအခြမ်း)မြေကွက်၊ အိမ်အပါအဝင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်ဝေအောင် [၁၂/ကမရ(နိုင်)၀၄၈၁၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန်းညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၅၅၂၇)**

**ဦးနိုင်ထွဋ်လင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၃၅၅၄၅)**

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉–၇၈၅၅၀၆၁၅၇**

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၇၃၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၃၃/ခ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးစောရွှေ [၁၂/ဥကတ(နိုင်) ၁၃၂၅၇၂]) အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးစောရွှေ [၁၂/ဥကတ(နိုင်)၁၃၂၅၇၂]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ခြကိုက်ပျက်စီးသည်မှာ မှန်ကန်ကြောင်းနှင့် ခြကိုက်ပျက်စီးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းမှတာဝန်ယူ၍ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) (ခြကိုက်ပျက်စီး)တို့ တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာကြော်ငြာခြင်းများဆောင်ရွက်ခဲ့ရာ ကန့်ကွက်မှုမပေါ်ပေါက်သဖြင့် ဒဂမ/ဂရန်မိတ္တူ– ၂၀၂၅၀၃၁၁၄၈/၂၀၂၅ (၁၁-၉-၂၀၂၅)ဖြင့် ဦးစောရွှေမှ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်–ဒဂမ/ဂရသ– ၁၃၆/၉၈ အရ (၁၃-၅-၉၈)ဖြင့် မူလထုတ်ပေးထားသည့် ဦးစောရွှေ [၁၂/ဥကတ(နိုင်) ၁၃၂၅၇၂] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၄၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲx ၆၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ **ဒေါ်လွင်လွင်ပိုင် [၁၄/မမန(နိုင်)၁၄၂၉၄၁]**က အဆိုပါတိုက်ခန်းကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင် (LL.B, D B L, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်– ၃၈၈၈၆)**
**အမှတ်– ၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၅၀၇၇၈၅၀**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 တွင် ပညာသင်ကြားနေသော မခင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင် ဖြစ်ပါကြောင်း။

**ဦးဝင်းတင်**
**[၇/မညန (နိုင်) ၀၄၈၅၁၀]**

## ဖခင်အမည်မှန်

မြန်အောင်မြို့နယ် အ.ထ.က သခွတ်ကွင်း Grade-8 မှ မောင်ထက်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးသီဟကျော် [၁၂/အစန (နိုင်) ၂၃၁၃၈၇] ဖြစ်ပါကြောင်း။

**ဦးသီဟကျော်**
**[၁၂/အစန (နိုင်) ၂၃၁၃၈၇]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆–E)၊ မြေကွက်အမှတ်(၉၀–ကျူ)၊ ဧရိယာအကျယ်အဝန်း (၀.၂၉)ဧက၊ ကျယ်ဝန်းသော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၉၃/၆)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ပတ်သက်ဆက်နွှယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာဦးအောင် [၁၂/ကမရ(နိုင်)၀၃၂၆၇၇]ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးဝင်း [၁၂/ပဘတ(နိုင်)၀၀၂၀၀၆]ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း (၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၆၉၅၁၀၂၉၃၀၊ ၀၉–၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/မင်းဝိုင်းရပ်)၊ ဦးပိုင်အမှတ်(၅၉[ဆ])၊ မြေဧရိယာ (၀.၀၉၀)ဧကရှိ အစိုးရ မြို့မြေကွက်အား ဒေါ်ဝင်းဝင်းယဉ် (ဘ) ဦးသိန်းဝင်း [၉/လဝန(နိုင်)၀၈၀၂၀၂]မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၉) ရပ်ကွက်၊ အမှတ်(၁၆၃)၊ မြေညီထပ်အခန်းအား ဦးရဲလင်းနိုင်ဦး [၁၂/ဗတထ(နိုင်)၀၃၈၇၈၃]နှင့် ဦးမျိုးမင်းနိုင်ဦး [၁၂/ဗတထ(နိုင်)၀၄၃၄၂၆]တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ၀၆၇– ၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဘန်းကျေးရွာအုပ်စု၊ ရွှေထီးအိမ်ရာ၊ တိုက်(၈–ခန်းတွဲ–၄–ထပ်)၊ အခန်း(၀၀၅)၏ အမည်ပေါက် ဦးနေဝင်း (ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်သဇင်သိန်း [၇/ဒဥန(နိုင်)၀၁၆၃၈၁]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၁)၊ မြေကွက်အမှတ် (၉၈၆/က)၊ ဧရိယာ (၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၉၈၆/က)၊ ဇဋ္ဌိလ(၁)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဒေါ်ခင်ခင် [၁၂/သဃက(နိုင်) ၁၁၈၃၆၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ခင် (မိခင်)သည် ၂၅–၈–၂၀၀၅ ရက်နေ့တွင်လည်းကောင်း ဦးမောင်မောင်ခင် (ဖခင်)သည် ၁၅–၁–၂၀၀၄ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးခင်မောင်ရီ [၁၂/မဂတ(နိုင်) ၀၃၅၈၈၂]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော သားတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ်– ၄၂၆၈/၂၀၂၆ (၂၃–၃–၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်းများ၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(A)၊ အခန်း(၁၀၀၃)၏ အမည်ပေါက် ဒေါ်ကြည်ကြည်အုံး [၁၂/ပဇတ(နိုင်) ၀၀၉၀၀၆]ထံမှ ဒေါ်ခင်သိန်းဦး ၁၂/ဗဟန(နိုင်) ၀၄၇၇၉၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ၀၆၇–၃၄၀၇၅၄၇**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ ရွှေပင်လယ်အထည်ဆိုင်၏ လူမှုကွန်ရက်စာမျက်နှာမှ ရွှေပင်လယ်အထည်ဆိုင်၏ လုပ်ငန်းဆိုင်းဘုတ်၊ လုပ်ငန်းသုံး ဖုန်းနံပါတ်များနှင့် ရွှေပင်လယ်အထည်ဆိုင်မိသားစုဝင်များ၏ ဓာတ်ပုံများကို ခွင့်ပြုချက်မဲ့ရယူ၍ ရွှေပင်လယ်အထည်ဆိုင်မိသားစုများ၏ ဂုဏ်သိက္ခာကျစေရန်နှင့် အသရေပျက်စေရန် ရည်ရွယ်လျက် မဟုတ်မမှန် စာများရေးသား၍ လူမှုကွန်ရက်စာမျက်နှာ (Facebook နှင့် TikTok, Telegram)များတွင် Thu Zar, May စသော အကောင့်တုများဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုသို့ မဟုတ်မမှန်ရေးသား ဖော်ပြလျက် Aye Mayt Moe K-pay အကောင့်သို့ ငွေလွှဲရန် ခြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်လျက်ရှိပါသဖြင့် Thu Zar, May နှင့် Aye Mayt Moe K-pay အကောင့် ပိုင်ရှင်တို့အား ပြင်းထန်စွာ သတိပေးတားမြစ်ကြောင်းနှင့် နောက်နောင် ထိုကဲ့သို့ ထပ်မံပြုလုပ်လာပါက ပြုလုပ်သူများကို စုံစမ်းဖော်ထုတ်လျက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ခင်ခင်ဆု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၉၆၇)**
**အမှတ်– ၂၆၆၊ စံပြ (၃)လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။**
**၀၉–၂၅၄၃၁၈၂၉၈၊ ၀၉–၇၉၄၃၁၈၂၉၈**

## ကျန်းမာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တည်ဆောက်ရေး(လုပ်ငန်းသစ်)များအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၂၂–၅–၂၀၂၆)
တင်ဒါပိတ်မည့်ရက် – (၂၂–၆–၂၀၂၆)(တနင်္လာနေ့)
တင်ဒါပိတ်မည့်အချိန် – ၁၆:၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်–

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊**
**မကွေးတိုင်းဒေသကြီး၊ ပြည်တော်သာလမ်း၊ မကွေးမြို့။**
**ဖုန်း –၀၉–၂၅၈၃၅၈၀၄၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၉)၊ မြေကွက်အမှတ်(၇၈၆)ဟုခေါ်တွင်သော ဒေါ်အေးရွှေ(ဘ) ဦးမောင်ကြီး[၁၂/ဒလန(နိုင်)၀၁၉၂၁၉] အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်မြင့်မြင့်ဦး (ဘ) ဦးစိုးတင့်[၁၄/ပသန(နိုင်)၁၄၈၆၉၉]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP) ဦးဇော်ခိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄) အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၀)၊ မြေကွက်အမှတ်(၇၇၇)ဟုခေါ်တွင်သော ဦးကျော်မြင့်(ဘ) ဦးသံချောင်း (KMA–031024) အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစု (ဘ) ဦးစားယော် [၁၃/တကန(နိုင်)၁၉၆၀၅၆]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP) ဦးဇော်ခိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄) အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၉)၊ မြေကွက်အမှတ်(၇၆၁)ဟုခေါ်တွင်သော ဦးအုန်းလွင်(ဘ) ဦးသောင်း [၁၂/အလန(နိုင်)၀၁၇၇၇၉] အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်မြင့်မြင့်ဦး (ဘ) ဦးစိုးတင့်[၁၄/ပသန(နိုင်)၁၄၈၆၉၉]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP) ဦးဇော်ခိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄) အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများ
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်–

(က) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်း
(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း
(ဂ) အသုံးချရုပဗေဒ ဒီပလိုမာသင်တန်း
(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း
(စ) စာကြည့်တိုက်နှင့်သုတပညာ ဒီပလိုမာသင်တန်း
(ဆ) မနုဿဗေဒ ဒီပလိုမာသင်တန်း
(ဇ) လူမှုရေးပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း

၂။ အထက်ပါဒီပလိုမာသင်တန်းများကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) အစိုးရဝန်ထမ်းနှင့် အခြားလုပ်ငန်းတွင် အလုပ်လုပ်သူဖြစ်ပါက ဌာန/လုပ်ငန်းဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)က အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာနှင့် ကျောင်းဆောင်များဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၁၀–၆–၂၀၂၆) ရက်၊ ဗုဒ္ဓဟူးနေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်–တောင်ပိုင်းခရိုင်)၊ ယခု–တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ် စီမံကိန်းဧရိယာအတွင်း (၂၂–၃–၂၀၂၀) ခုနှစ် ထုတ်ပေးသော–ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA–3) အကွက်အမှတ် (တ–၀၆)၊ ကွင်းအမှတ် (၀၃)

၁။ ယာယီမြေပေးမိန့်အမှတ် (၂၇၂၆)၊ မြေကွက်အမှတ် (၀၇၁၁)၊ အကျယ်အဝန်း (၁၀၀ ပေ x ၁၀၀ ပေ)ရှိ မြေကွက်၊
၂။ ယာယီမြေပေးမိန့်အမှတ် (၂၇၂၇)၊ မြေကွက်အမှတ် (၀၇၁၂)၊ အကျယ်အဝန်း (၁၀၀ ပေ x ၁၀၀ ပေ)ရှိ မြေကွက်

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်း [၁၂/တတန(နိုင်)၂၀၂၇၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၂၂၉၆**

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**
**ကမာရွတ်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ ဇာရီမှုအမှတ် – ၇၀**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၇၇**

ကမ္ဘောဇဘဏ်လီမိတက် (၎င်းကိုယ်စားလက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်း) နှင့် ဒေါ်တင့်တင့်လွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လွင်လွင်အောင်)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ မာဃလုလင်လမ်းသွယ်၊ ဗိုလ်တေဇလမ်း၊ အမှတ်–၇၅၁ နေ ဒေါ်တင့်တင့်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်ပါအမှုတွင် တရားရှုံးပိုင်ပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(36–C)၊ မြေကွက်အမှတ်(၂၁/F၃)၊ ဧရိယာ(၀.၁၀၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းသွယ်၊ (ဝင်ဒါမီယာလမ်းသွယ်)၊ အမှတ်–၁၃၅ ကေ–၁ ဟု ခေါ်တွင်သော အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကာလပေါက်စျေး ငွေကျပ်သိန်း ၂,၅၀၀,၀၀၀,၀၀၀ (ကျပ်သိန်းနှစ်သောင်းငါးထောင်တိတိ)ဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူက လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာလွတ်
ငွေ ---------- ရရှိပြီး

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အသင်းသားများအား သက်တမ်းတိုးမြှင့်နိုင်ရန် နှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အသင်းသားများအနေဖြင့် အသင်းချုပ်နှင့် အဆက်မပြတ်စေရန်ရည်ရွယ်၍ သက်တမ်းများတိုးမြှင့်နိုင်ရန် သက်တမ်းပြတ်နေသူများအနေဖြင့်နှစ်အလိုက် မိမိတို့ပေးသွင်းရမည့်နှစ်စဉ်ကြေးများအစား သက်တမ်းစတင်ပြတ်သည့်နှစ်မှစ၍ ၂၀၂၄ ခုနှစ်အထိ သက်တမ်းပြတ်ကာလတစ်နှစ်လျှင် ကျပ်တစ်ထောင်နှုန်းဖြင့် သက်တမ်းဆက်ကြေး **(Renewal-Fees)** အဖြစ် ပေးသွင်းကာသက်တမ်းတိုးမြှင့်ခြင်းများပြုလုပ်၍ အသင်းသားကတ်များ ထုတ်ယူနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ သက်တမ်းပြတ်နေသော အသင်းသားများအနေဖြင့် သက်တမ်းတိုးမြှင့်ရန်ကျန်ရှိနေသောအသင်းသားသက်တမ်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အဆောက်အဦ၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ သမိုင်းကောလိပ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ **E-mail: membership.fed.mes@gmail,com** သို့ သော်လည်းကောင်း၊ အသင်းသားဌာန ဖုန်းနံပါတ် ၀၉-၄၅၅၀၁၂၁၂၄ သို့ဖုန်းဖြင့်သော်လည်းကောင်း၊ Viber ဖြင့်သော်လည်းကောင်း ဆက်သွယ်၍ အသင်းသားများ သက်တမ်းတိုးမြှင့်နိုင်ရန် နှိုးဆော်အပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်–၈၈၊ ရွှေစင်လမ်း၊ ၄၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ မြေကွက်အမှတ်–၈၈၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးမိုးအေး[၁၂/အစန(နိုင်)၁၁၈၄၀၇]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ကွယ်လွန်သဖြင့်ဇနီးဖြစ်သူ ဒေါ်လေးခင် [၁၂/အစန(နိုင်)၁၁၈၄၀၉]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၇၆)**
**အမှတ်–၉၊ သီရိမြိုင်လမ်းမ၊ ၁၃–ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၄၃၁၁၅၄၃၂**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း(၇)လမ်း၊ မြေကွက်အမှတ်–၉၃၉၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးတင်ငွေ(NYHE–၀၀၈၃၃၇)အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် (ခြေရင်းခြမ်း) အကျယ်အဝန်း (၂၀ x၆၀)ပေ မြေကွက်အား ယခုရောင်းချသူ ဒေါ်ပိုင်ချေ(ခ)ဒေါ်ခင်စန္ဒာသန်း [၁၁/တပဝ(နိုင်)၀၀၀၇၄၀]မှ အရပ်ကတိစာချုပ် ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး ငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို(LL.B,DIPL) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၇၀)**
**အမှတ်–၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၄၀၀၀၈၃၉၊ ၀၉–၂၅၀၁၇၂၉၁၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၁၈၄/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၁၈၄/ခ)၊ ရာဇသူရ(၁၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စိန်သန်း (WKA–၁၂၁၆၁၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်သန်းကို တရားပြိုင်ထား၍ ဦးအောင်သင်း(ကွယ်လွန်သူ တရားနိုင်၏ တရားဝင်ကိုယ်စားလှယ်ရရှိသူ) ဒေါ်အေးမြင့်လှိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၁၀၀/၂၀၁၄) စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၃/၂၀၂၃)အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆] မှ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၂/စီ ခ၊ မြေကွက်အမှတ်–၄/၁၈၇၊ အကျယ်အဝန်းဧရိယာ(၀.၄၃၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၇၆)၊ ကာယ(၁၀)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအားဝင် [၁/ဟပန(နိုင်)၀၁၁၃၈၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း (၁၄)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## အများသိစေရန်ကြေညာချက်

"ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ အမှတ်(၃၉)ပေါ်တွင်ဆောက်လုပ်ထားသည့် ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx၄၅ပေ) တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်" အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်လွင်မျိုး[၅/မရန(နိုင်)၂၂၆၆၉၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးခင်မောင်သက် [၇/ဝမန(နိုင်)၀၅၃၃၂၃]မှ အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်သက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိတင်ဇာလင်း (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၅၈)**
**အမှတ်(၆၈)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09–970039669**

## ပြန်ကြားရေးဝန်ကြီးဌာန
## မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ (က) ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း (၉)မျိုးနှင့် (ခ) ပရိဘောဂပစ္စည်း (၇)မျိုးတို့ကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**(က) ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာပစ္စည်း(၉)မျိုး**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | CCTV (16 channel) | 1 Set |
| ၂။ | CCTV ( 1 channel NVR) | 1 Set |
| ၃။ | Solar System ( must 51.2V) | 1 Set |
| ၄။ | Air Conditioner(2HP Split Type, R32, Inverter) | 2 Nos |
| ၅။ | Desktop Computer (intel core i7-14700 Processor) | 3 Sets |
| ၆။ | Inkjet Color Printer (A3) (PG1-750 ( PGBK) | 2 Nos |
| ၇။ | Laser Printer BP 2305 W (B&W) | 2 Nos |
| ၈။ | Document Scanner (A4) (Color Document Scanner) (A4/ Legal) | 2 Nos |
| ၉။ | Digital Multifunction Copier With Feeder (22 ppm. Print Speed) | 2 Nos |

**(ခ) ပရိဘောဂပစ္စည်း (၇) မျိုး**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table(1200 x 600 x 750) mm | 6 Nos |
| ၂။ | Filling Cabinet(922 x 312 x 1762) mm | 6 Nos |
| ၃။ | Aluminium Cupboard (915 x 457 x1850) mm | 8 Nos |
| ၄။ | Office Table T-1 (N) | 5 Nos |
| ၅။ | Office Chair C-1 (N) | 5 Nos |
| ၆။ | Table T-3 (N) | 10 Nos |
| ၇။ | Armless Chair C-3 | 10 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို (၂၇-၅-၂၀၂၆) ရက်နေ့မှ (၁၀-၆-၂၀၂၆)ရက်နေ့အထိ နေ့စဉ်နံနက် (၉:၃၀) နာရီမှ (၁၆:၀၀) နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရာတွင် စံချိန်စံညွှန်းအဆိုပြုလွှာ (Specification & Catalogue Proposal)နှင့်ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို သီးခြားစီခွဲ၍ (၁၁-၆ -၂၀၂၆) ရက်နေ့၊ (၉:၃၀) နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ နောက်ဆုံးထား လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး(၁%) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ P.G (Performance Bank Guarantee) မိတ္တူ(၁)စောင်နှင့်အတူ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၂၈၆၀၊ ၀၆၇-၃၄၁၂၈၇၁ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၁၁-၆-၂၀၂၆) ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၈၇၁

**တင်ဒါတင်သွင်းရန် လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ
ထုခွဲရောင်းချရေးကော်မတီ
မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၈၇၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၂၃)၊ မြေကွက်တည်နေရာအမှတ်(၉၂၃)၊ စိတ္တာသုခလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးရစ်ချတ်[၁၂/မဂတ(နိုင်)၁၁၉၂၉၉] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဦးရစ်ချတ်မှ ပါမစ်ပျောက်ဖြင့်ထုတ်ယူထားသော နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးရစ်ချတ်မှ ပါမစ်ပျောက်ဂရန်တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Dip ELTM သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in English Language Teaching Methodology (Dip ELTM) (အင်္ဂလိပ်စာသင်ကြားရေး နည်းပညာဒီပလိုမာ)သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| သင်တန်းအမည် | - Diploma in English Language Teaching Methodology (Dip ELTM) အင်္ဂလိပ်စာသင်ကြားရေး နည်းပညာ ဒီပလိုမာ |
| ပညာအရည်အချင်း | - အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| အသက် | - (၆၀)နှစ်အောက် |
| သင်ကြားမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | - တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် နံနက်(၇:၀၀) နာရီ မှ (၉:၀၀) နာရီထိ |
| သင်တန်းကာလ | - (၁၀)လ |
| သင်တန်းကြေး | - တစ်လ (၄၀၀၀၀ိ/-)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - Diploma in English Language Teaching Methodology (Dip ELTM) |
| လျှောက်လွှာလက်ခံမည့်ရက် | - (၂၉-၅-၂၀၂၆) မှ (၄-၆-၂၀၂၆)အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | - (၈-၆-၂၀၂၆)ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | - (၁၂-၆-၂၀၂၆)ရက် (သောကြာနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | - (၁၈-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | - သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |
| စုံစမ်းရန် | - သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ သောင်တိုးမြေစီမံခန့်ခွဲရေးကော်မတီမှ ဒေါ်ခင်မာစန်း၊ မြို့နယ်စာရင်းရုံး အမည်ဖြင့် မြေပေးမိန့်ခွင့်ပြုချထားပေးခဲ့သည့် မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဒေလီယာလမ်း (သောင်တိုးမြေ)၊ မြေကွက်အမှတ်(၅၀၆)၊ အလျား(၈၀)ပေ၊ အနံ(၆၀)ပေရှိ မြေကွက်အား ဒေါ်တင်တင်ယု[၁၄/ဝခမ(နိုင်)၀၅၇၂၃၆]မှ အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသဖြင့် ဒေါ်တင်တင်ယုအမည်ဖြင့် မြေပေးမိန့်အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့**

## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူ အားလုံးကိုယ်စား တစ်ဦးတစ်ယောက်က တရားစွဲဆိုရန် (သို့မဟုတ်) ခုခံချေပနိုင်ရန် ချအပ်သည့်နို့တစ်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ ၈ )
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၂

Royal Thukha Condominium တွင်နေထိုင်သူ အခန်းပိုင်ရှင်များ အမှုဆောင်ကော်မတီ (RTKအမှုဆောင်ကော်မတီ) (၎င်း၏ကိုယ်စားလွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့်မောင်)

နှင့်

၁။ i Green development & Engineering Group Co,Ltd. (၎င်း၏ကိုယ်စားဒါရိုက်တာ ဦးကျော်ကျော်နိုင်)
၂။ i Green Construction Co.,Ltd. (၎င်းကိုယ်စား ဒါရိုက်တာ ဦးကျော်ကျော်နိုင်
၃။ Smile Property Management Services Co.,Ltd.(S-PMS) (၎င်းကိုယ်စား မန်နေဂျာ ဒေါ်မေဖြိုးတင်ဦး)

**တရားလို** **တရားပြိုင်များ**

တရားလို Royal Thukha Condominium တွင်နေထိုင်သူအခန်းပိုင်ရှင်များ အမှုဆောင်ကော်မတီ(RTK အမှုဆောင်ကော်မတီ)(၎င်းကိုယ်စားလွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့်မောင်)က တရားပြိုင် i Green development ပါ ၃ ဦးတို့အပေါ် Royal Thukha Condominium တွင်သာယာရေးကော်မတီအဖြစ် ဆောင်ရွက်နေသည့် Smile Property Management Services Co.,Ltd အား ရပ်ဆိုင်းဖျက်သိမ်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသူဖြစ်၍ အဆိုပါလျှောက်ထားချက်အပေါ် သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အားယင်းအမှုတွင် လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်)နံနက် (၁၀)နာရီတွင် ဤမရမ်းကုန်းခရိုင်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး (၄)ရုံး၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော တရားလို Royal Thukha Condominium တွင်နေထိုင်သူ အခန်းပိုင်ရှင်များ အမှုဆောင်ကော်မတီ (RTKအမှုဆောင်ကော်မတီ)(၎င်းကိုယ်စားလွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့်မောင်)၏ လျှောက်လွှာအပေါ်၌ ဆက်လက်စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာထုတ်ဆင့်လိုက်သည်။

၂၀၂၆ခုနှစ်၊ မေလ ၂၂ရက်နေ့ တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ အထက(ခွဲ) (မြို့မ)ကျောင်းမှ Grade-6 တန်းတွင် ပညာသင်ကြားနေသော မောင်ဆန်းလင်းအောင်၏ ဖခင် ဦးအေးဝင်း၏ အမည်မှန်မှာ ဦးမင်းမင်းဦး [၁၄/ညတန(နိုင်)၂၁၁၆၆၆]ဖြစ်ပါကြောင်း။

**ဦးမင်းမင်းဦး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၁၅-က)၊ ၆၆လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလောက်စီ [၁၃/လရန(နိုင်)၀၅၇၁၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဇ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၀လမ်းနှင့် ၁၁၀လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ထွေး(ခ)ဟွမ်တွေလန့် [၁၃/ကခန(နိုင်)၀၀၆၂၀၁]က အမှုတွဲအမှတ်(၀၂၄၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၁၃၄-က)၊ ၅၈x၅၉ကြား၊ ၁၁၀x၁၁၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပေါစံ[၉/မနတ(နိုင်)၀၄၁၀၇၀]က အမှုတွဲအမှတ် (၀၂၄၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Master of Arts (TEFL) သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Master of Arts (Teaching of English as a Foreign Language) MA (TEFL) (အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| သင်တန်းအမည် | - Master of Arts (Teaching of English as a Foreign Language) MA (TEFL) အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း |
| ပညာအရည်အချင်း | - အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ပထမဘွဲ့ကို အင်္ဂလိပ်စာ အဓိကဖြင့် ရရှိခဲ့ပြီး မဟာတန်း တက်ရောက်ရန်အဆင့်မီသူ (သို့မဟုတ်) ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာ သင်တန်းမှ Dip ELTM ဘွဲ့လွန် ဒီပလိုမာ ရရှိပြီးသူ |
| အသက် | - (၆၀)နှစ်အောက် |
| သင်ကြားပို့ချမည့်အချိန် | - တနင်္လာနေ့မှ သောကြာနေ့ထိ နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ |
| သင်တန်းကာလ | - (၂)နှစ် |
| သင်တန်းကြေး | - တစ်လ (၄၀၀၀၀ိ/-)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - Master of Arts (Teaching of English as a Foreign Language) MA (TEFL) |
| လျှောက်လွှာလက်ခံမည့်ရက် | - (၂၉-၅-၂၀၂၆) မှ (၄-၆-၂၀၂၆)အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | - (၈-၆-၂၀၂၆)ရက် (တနင်္လာနေ့) နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | - (၁၁-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | - (၁၈-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | - သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |
| စုံစမ်းရန် | - သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၊ မြေကွက်အမှတ်-၂အီး/၁၊ အကျယ်အဝန်းဧရိယာ(၀.၃၂၄)ဧကရှိမြေကွက်(၁)ကွက်၊ မြေကွက်အမှတ်-၂အီး/၂၊ အကျယ်အဝန်းဧရိယာ(၀.၃၉၇)ဧကရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်အား ဝင်ထွက်သွားလာနိုင်ရန် ကိုယ်ပိုင်လမ်းမြေဖြစ်သော မြေကွက်အမှတ် -၂အီး/၄(လမ်း)၊ အကျယ်အဝန်းဧရိယာ(၀.၀၆၆)ဧကရှိ မြေကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းထူး၊ ဒေါ်စန်းစန်းမြင့်တို့အမည်ပေါက် မြေပိုင်မြေအမျိုးအစားမြေကွက်များဖြစ်ပြီး အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရှိ ပိုင်ဆိုင်သူများဖြစ်ပြီး အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးသန်းထူး[၁၂/ကမရ(နိုင်)၀၄၄၇၉၃]နှင့် ဒေါ်စန်းစန်းမြင့်[၁၂/ကမရ(နိုင်)၀၁၂၄၉၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B , D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅

ဦးမျိုးမင်းအောင် **(တရားလို)** နှင့် ဦးလင်စိုးလင်း(ခ)မောင်စိုးလင်း **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ်-၂၅၄/၂ နေ တရားပြိုင် ဦးလင်စိုးလင်း(ခ)မောင်စိုးလင်း (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “အိမ်ခြံမြေကွက် အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေ၏ (၂)ဆ လျော်ကြေးရလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၄)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်)နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ
## Diploma in Applied Geology
## သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် "ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ" (Diploma in Applied Geology) (၁)နှစ်သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်–

(က) Economic & Mining Geology
(ခ) Exploration Geochemistry
(ဂ) Exploration Geophysics
(ဃ) Gemology
(င) Hydrogeology
(စ) Engineering Geology
(ဆ) Petroleum Geology

၂။ အထက်ပါ အထူးပြုဘာသာရပ် သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရပြီး၊ မဟာသိပ္ပံအရည်အချင်းစစ် သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
(ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာလုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း၌ အမြဲတမ်းလုပ်သက် (၂)နှစ်ရှိပြီး၊ ဌာနဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ တရားဝင်ခွင့်ပြုမိန့်ရရှိသူများ လျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၁၀–၆–၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။ ၎င်းနေ့ရက်မှ ကျော်လွန် လျှောက်ထားလာသော လျှောက်လွှာများအား လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ လှိုင်တက္ကသိုလ်နယ်မြေတွင် စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ရန်ကုန်တက္ကသိုလ်**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၄၁)၊ လူနေရပ်ကွက်အမှတ်–ကံဘဲ့၊ မြေကွက်အမှတ်–၄/၁၄၊ မြေဧရိယာ (၀.၁၁၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် တစ်နည်းအားဖြင့် အမှတ်(၆၅၄) စပါယ်ရုံလမ်းသွယ်(၁)၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်မြင့်အမည်ဖြင့် မှတ်သားထားပါသည်။ ဦးကျော်မြင့်ထံမှ ဒေါ်ခင်ခင်ရီ[၁၂/ရကန(နိုင်)၀၆၄၆၄၁]သည် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၅၁)(၂၉–၉–၁၉၉၁)**
**အမှတ်–၂၄(မြေညီ)၊ ဘိုကလေးဈေးလမ်းအောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၁၃၉၃၀၆**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးဇော်သီဟ [၁၂/ရကန(နိုင်)၀၆၁၇၅၈]သည် ၂၂–၁၁–၂၀၂၅ ရက်နေ့တွင် မိမိသဘောဆန္ဒအရ နေအိမ်မှထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ငွေကြေးကိစ္စ အရှုပ်အရှင်းမှန်သမျှကို ကျွန်မမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဇနီး–ဒေါ်ကျင်မေညွန့်**
**[၁၂/မဂတ(နိုင်)၀၁၃၇၇၃]**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၅)၊ ဦးပိုင်အမှတ်(၄၀)၊ ၆၉x၇၀ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ် မဟာဒူး(ခ) ကက်ဆက်ဗဟာဒူးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၂၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ရှောင်ဟွား(ခ)မကြူ [၉/မဟမ(နိုင်)၀၀၂၀၃၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၅၁/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆၈/၃၊
(၁) မြေကွက်အမှတ်–၇/က၊ အမည်ပေါက်–
ဦးခင်အောင် [၁၂/မရက (နိုင်)၀၅၁၂၆၁]
(၂) မြေကွက်အမှတ်–၇/ခ၊ အမည်ပေါက်–
ဦးကျော်အေး [၁၂/မရက(နိုင်)၀၅၀၄၆၃]

မြေအမျိုးအစား–ပါမစ်မြေ၊ အကျယ် (၂၀x၆၀)ပေစီရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင်များထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်စိုးစိုးနွယ် [၁၄/ပတန(နိုင်)၁၁၄၆၀၂]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးဟိန်းစိုး** |
| **အထက်တန်းရှေ့နေ (စဉ်–၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၆၄)** |

**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်–၄၀၂၊ (၄–လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/၄)၊ လူနေရပ်ကွက်အမှတ် (နဝဒေးအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်(၃၄၁)၊ အကျယ်အဝန်း(၃၄၅၁.၅) စတုရန်းပေ၊ ဧရိယာ(၀.၀၇၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ် (BL–66/20)၊ နဝဒေးလမ်းမကြီးဟုခေါ်တွင်သော နှစ်ထပ်အဆောက်အဦနှင့် ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ဖြစ်သူ ဒေါ်အေးအေးကြည် မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၀၈၃၈၀]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဝင်း [၉/ညဥန(နိုင်)၁၈၆၉၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B) အထက်တန်းရှေ့နေ (စဉ်–၅၁၇၀၀)**
**E–5, Sagawar Street/FMI City, Hlaingtharyar. 09–426779993**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၇၊ မြေကွက်အမှတ်(၄၅)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်နွဲ့အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး၊ ထိုအလျားxအနံ (၄၀x၆၀)ပေ ပါမစ်ဂရန်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဇော်မိုးအောင်[၁၂/သလန(နိုင်) ၀၀၀၀၄၇]မှလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အမာငွေး [၈/ခမန(နိုင်)၀၁၄၀၆၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်"ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အမာငွေး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၀၆၉)**
**အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ၀၉–၂၆၁၁၀၁၁၃၄**

---

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၂

**ကွယ်လွန်သူ ဦးသောင်းညွန့် ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

| | |
|---|---|
| ဒေါ်ကျင်အေး | လျှောက်ထားသူ |

အထက်သဲကုန်ကျေးရွာ၊ သဲကုန်အုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးသောင်းညွန့် ကျန်ရစ်သောစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်နေ့)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောင်းညွန့်၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်နေ့) နံနက် (၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

---

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၈–ရပ်ကွက်၊ စွယ်တော်လမ်းနှင့် နေကြာလမ်းထောင့်၊ အမှတ်–၆၇၉ ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၊ မြေကွက်အမှတ်–၆၇၉၊ အကျယ်(၄၄x၆၀)ပေအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ (လမ်းထောင့်ဘက်ခြမ်း)အကျယ်(၂၀x၆၀)ပေ၊ မြေအမျိုးအစားနှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ **ဦးစိုင်းယီခမ်း** (E/RGN–၀၀၉၀၂၀) ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ **ဦးကျော်နိုင်စိုး** [၁၂/သဃက(နိုင်)၁၄၇၄၀၀]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးကျော်မင်းဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ် – ၅၀၆၆၉)** |

**အမှတ်–၇၅၁(ပ–ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–၀၉– ၈၈၆၆၉၅၉၆၆၊ ဖုန်း–၀၉– ၄၂၄၁၆၈၉၈၉၊ ၀၉–၂၅၄၄၁၉၈၁၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၄)၊မြေကွက်အမှတ်(၉၅၀)၊ ဗိုလ်မင်းခေါင်လမ်း၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးဝင်းမင်းသူ(၅/ဒပယ(နိုင်)၁၁၈၂၂၆) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေး သည့်မြေကွက်အမှတ်(၉၅၁)နှင့် ကပ်လျက်(၂၀ပေ×၆၀ပေ)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်များအား ဦးဝင်းမင်းသူ ကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၅၆)
အမှတ် (၁၀၅၁)ဖြူစုံရိပ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဏိစည်သူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၀၄၀/က)၊ မြေကွက်အကျယ်အဝန်း (ပေ၂၀x၆၀ပေ) အမည်ပေါက် ဦးမျိုးကြည်ဝင်း [၁၂/တမန(နိုင်)၀၇၈၈၁၄] ပါမစ်မြေအမျိုးစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြင့်အောင် [၁၄/ဒဒရ(နိုင်)၀၀၂၁၆၀]မှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြား၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု၊ စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငွေးငွေးဝင်း(LL.B,DIPL) အထက်တန်းရှေ့နေ(စဉ်–၅၅၂၆၀)**
**အမှတ်(၇၃၇)၊ ဗိုလ်တေဇလမ်း၊ မရမ်းကုန်းမြို့နယ်။**
**၀၉–၄၄၀၀၁၇၃၉၇၊ ၀၉–၂၅၀၇၀၂၃၉၇**

---

## ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၂၃ – သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ် (၂)၊ အမှတ်–၁၆/က ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃–သုဝဏ္ဏ၊ မြေကွက်အမှတ်–၁၆/က၊ ဧရိယာ (၀.၁၇၀)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်သက်ယုန် [၁၂/ဒဂန(နိုင်)၀၂၃၁၁၃]+၆ ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ (စဉ်–၆၇၀၂)**
**Brilliance Mansion Condo, R(1), အခန်းအမှတ်–၁၀၆၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၅၄/ခ) တွင်တည်ရှိသော မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီလီမိတက် (မှတ်ပုံတင်အမှတ်–၁၁၆၅၉၆၀၉၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီလီမိတက် ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်အညီ ခွင့်ပြုထားသော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ကောင်းသောသတင်းကျော်စောမှုများဖြင့် လုပ်ကိုင်လျက်ရှိပါသော တရားဝင်ကုမ္ပဏီဖြစ်ပါသည်။

အများပြည်သူများအနေဖြင့် ငွေကြေးဝန်ဆောင်မှု ရယူနိုင်ရန် လူကိုယ်တိုင်လာရောက်ဆောင်ရွက်နိုင်ပြီး online အသုံးပြုဆောင်ရွက်နိုင်ရန်အတွက်လည်း ကုမ္ပဏီ၏ website စာမျက်နှာ https://www.maharbawga.com ၊ လူမှုကွန်ရက် (Facebook) https://www.facebook.com/ share/1C7HVTi9Rv/ နှင့် Customer Call Center 09–681191999 အား စီစဉ်ဆောင်ရွက်ပေးထားပါသည်။

သို့ရာတွင် လူပုဂ္ဂိုလ်တစ်ဦးဦး၊ အသင်းအဖွဲ့တစ်ခုခုသည် ကုမ္ပဏီ၏အမှတ်အသား (logo)ကိုအသုံးပြု၍ ကုမ္ပဏီမှဆောင်ရွက်နေသော သတင်းအချက်အလက်များကို ပုံစံတူ (copy)ပြုလုပ်၍ ငွေကြေးဝန်ဆောင်မှုများ ရယူလိုပါက ၎င်းတို့၏ လူမှုကွန်ရက်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း online တွင် ကြေညာနေသည်ကို ကုမ္ပဏီက စိစစ်တွေ့ရှိရပါသည်။

ထို့အပြင် ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာ(Facebook)များတွင် ငွေကြေးဝန်ဆောင်မှုရယူလိုပါက စာရွက်စာတမ်းကြေးများ၊ ဝန်ဆောင်ခများ ကြိုတင်ပေးသွင်းရန်နှင့် ၎င်းတို့ဖွင့်ထားသော ကမ္ဘောဇဘဏ် (KBZ) ရှိငွေစာရင်း (Account) များ၊ KBZ Pay (Account)များသို့ ငွေလွှဲရန်စသည်ဖြင့် online ငွေကြေးလိမ်လည်မှုများ ပြုလုပ်နေကြောင်း ပေါ်ပေါက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် ဗဟိုဘဏ်၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ ယင်းကဲ့သို့ Customer များထံမှ ငွေများကြိုတင်တောင်းခံခြင်းများ၊ လူပုဂ္ဂိုလ်အမည်များဖြင့် ဘဏ်များတွင် ငွေစာရင်းဖွင့်ထားခြင်းများ ပြုလုပ်၍မရဘဲ ကုမ္ပဏီ၏အမည်ဖြင့်သာ ငွေရေးကြေးရေးကိစ္စများကို တရားဝင်ငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလူပုဂ္ဂိုလ်တချို့၏ ထိုသို့ဆောင်ရွက်နေမှုများသည် online ငွေကြေးလိမ်လည်မှုကို ကျူးလွန်ရာရောက်နေသောကြောင့် အများပြည်သူများအနေဖြင့် သတိထားကြရန်လိုအပ်ပြီး ကုမ္ပဏီတွင်လည်း ဂုဏ်သိက္ခာကျဆင်း၍ အမည်ကောင်း တန်ဖိုး (Good Will) ကိုလည်း ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏အကျိုးစီးပွားကို ထိခိုက်စေပြီး အများပြည်သူ၏ ငွေကြေးများကိုဆုံးရှုံးမှုများ ဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသော မည်သူကိုမဆို ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရန် ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ရွှေရည်ဝင်း** | **ဒေါ်မေသူနှင်း** | **ဦးကျော်ဆက်ဟန်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၂၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၂၄၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၂)** |
| **၀၉–၈၈၀၉၂၄၄၁၀** | **၀၉–၆၈၅၂၀၁၂၄၂** | **၀၉–၆၈၅၂၀၀၀၇၀** |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ယုံ(ကျောက်တန်းမြို့)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်ရိပ်သာ၊ လမ်းသစ်(၁)လမ်း၊ အမှတ်(31-A)နေ (ဦးစစ်ရီ)၏ ဇနီး၊ ဦးအေးဟန်-ဒေါ်လှမြင့်သွယ်၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးနိုင်-ဒေါ်ချိုချိုရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ယုံ (ကျောက်တန်း) အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**UNITED CAN FACTORY CO., LTD.**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ယုံ(ကျောက်တန်းမြို့)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်ရိပ်သာ၊ လမ်းသစ်(၁)လမ်း၊ အမှတ်(31-A)နေ (ဦးစစ်ရီ)၏ ဇနီး၊ ဦးအေးဟန်-ဒေါ်လှမြင့်သွယ်၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးနိုင်-ဒေါ်ချိုချိုရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ယုံ (ကျောက်တန်း) အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းအောင်(ဦးပြုံးချို)နှင့် ဒေါ်ယဉ်ယဉ်အေး မိသားစု**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာ

တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၆၃၄/က၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၆၃၄/က)၊ စာဂ (၂၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသောင်းမြင့်[၁၂/ဥကတ(နိုင်)၀၃၄၂၃၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးသောင်းမြင့်(ဖခင်)နှင့် ဒေါ်သိန်းနု(မိခင်) တို့ကွယ်လွန်သဖြင့် ဒေါ်အေးအေးမူ[၁၂/ဥကတ(နိုင်)၀၅၅၇၉၆]၊ ဒေါ်ခင်လေးမြင့် [၁၂/အစန(နိုင်) ၀၉၇၅၁၂]၊ ဒေါ်အေးအေးမြင့်[၁၂/ဥကတ(နိုင်)၀၈၉၂၄၆]၊ ဦးတင်ဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၃၄၂၃၁]၊ ဦးအောင်မိုးမြင့်[၁၂/ဥကတ (နိုင်) ၀၃၄၂၃၀]တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်(၁၄၃၀၁/၁၉-၁၁-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ယုံ(ကျောက်တန်းမြို့)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်ရိပ်သာ၊ လမ်းသစ်(၁)လမ်း၊ အမှတ်(31-A)နေ (ဦးစစ်ရီ)၏ ဇနီး၊ ဦးအေးဟန်-ဒေါ်လှမြင့်သွယ်၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးနိုင်-ဒေါ်ချိုချိုရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ယုံ (ကျောက်တန်း) အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**U Thomas နှင့်ဇနီး မိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**

## အဘိဓမ္မဓရ ဦးစန်းလွင်

**(မူ/အုပ်ဟောင်း၊ ဆီကုန်သည်များအသင်းမြို့နယ်တာဝန်ခံဟောင်း)**

## အသက်(၆၇)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်နေ (ဦးအောင်ခ- ဒေါ်ခင်ယုံ)တို့၏ သားငယ်၊ (ဦးမြင့်လွင်-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ဦးစန်းမြင့်(ခ)ဦးညေယျ၊ ဦးလှဝင်း-ဒေါ်မြမြစီတို့၏ ညီမောင်၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ကနောင်လမ်းမကြီး၊ အမှတ်(၁၄၁၀)၊ ညောင်ကုန်းရပ်ကွက်၊ ချောင်းပတ်လမ်း၊ အမှတ်(၁၆၄)နေ ဒေါ်မူမူမြင့်၏ ခင်ပွန်း၊ မောင်မြတ်သက်နောင်၊ မောင်စစ်ငြိမ်းလွင်တို့၏ ဖခင်ဖြစ်သူသည် ၂၆-၅-၂၀၂၆(အင်္ဂါနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၈-၅-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် "ခနိတောသုသာန်"သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန်နှင့် ကွယ်လွန်သူအား ရည်စူး၍ ၁-၆-၂၀၂၆ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ကနောင်လမ်းမကြီး၊ အမှတ်(၁၄၁၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ယုံ(ကျောက်တန်းမြို့)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်ရိပ်သာ၊ လမ်းသစ်(၁)လမ်း၊ အမှတ်(31-A)နေ (ဦးစစ်ရီ)၏ ဇနီး၊ ဦးအေးဟန်-ဒေါ်လှမြင့်သွယ်၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးနိုင်-ဒေါ်ချိုချိုရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ယုံ (ကျောက်တန်း) အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors (UNITED PAINTS GROUP CO.,LTD)**

## "ကျေးဇူးတင်လွှာ"

ကျွန်တော်၊ ကျွန်မတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါက်တာခင်မမ(ခ)ဒေါ်လီဝင်း၊ ရောဂါဗေဒ ဆရာဝန်ကြီး၊ ရောဂါဝေဒနာခံစားနေရစဉ်အတွင်း မိုးကောင်းရတနာဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးမှ စေတနာရှေ့ထား၍ အစွမ်းကုန်ကုသစောင့်ရှောက်ပေးခဲ့ကြသည့်အတွက် ကျန်ရစ်သူမိသားစုဝင်များမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမြင့်

**မြို့နယ်တရားသူကြီး(ငြိမ်း)၊ အောင်ဆန်း(၇)**

## အသက်(၈၅)နှစ်

အောင်ဆန်း(၇)၊ တရားရေးအရာရှိ သင်တန်းဆင်း သူငယ်ချင်း ဦးထွန်းမြင့်သည် ၂၃-၅-၂၀၂၆(စနေနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၁၆)၊ မြေကွက်အမှတ်(ခ/၂၃၈)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ်-RPNO-173 V/2017-2018 အရ ဦးသူရိန်စိုးအမည်ဖြင့် မြေငှားဂရန်ရရှိထားသည့် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသူရိန်စိုး(ဘ)ဦးစိုးမြင့်[၁၂/သလန(နိုင်)၁၀၄၀၄၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ၁။ ဒေါ်ဇင်ဇင်မာ (ဘ) ဦးချစ်ထွေး[၉/မထလ(နိုင်)၀၆၀၉၄၀]၊ ၂။ဒေါ်အေးမိုးမိုးကျော်(ခ)ဒေါ်အေးမို့မို့ကျော်(ဘ)ဦးခင်မောင်ငွေ[၉/မထလ(နိုင်)၂၆၇၈၂၄]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **၀၉-၄၂၁၀၅၃၁၁၀** | **၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ယုံ(ကျောက်တန်းမြို့)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်ရိပ်သာ၊ လမ်းသစ်(၁)လမ်း၊ အမှတ်(31-A)နေ (ဦးစစ်ရီ)၏ ဇနီး၊ ဦးအေးဟန်-ဒေါ်လှမြင့်သွယ်၊ ဦးကျော်ဆွေ-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးနိုင်-ဒေါ်ချိုချိုရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ယုံ (ကျောက်တန်း) အသက်(၉၅)နှစ်သည် ၂၅-၅-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**UNISAN PLASTIC FACTORY CO., LTD.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၇၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်-၂၀(က+ခ)၊ ဧရိယာ(၂၅x၅၄) ပေရှိ ဒေါ်စန်းရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ ကန်ထရိုက်တိုက်မှ ထပ်ခိုးခေါင်းရင်းခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဦးတင်ဝင်း[၁၂/လမန(နိုင်)၀၃၀၄၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်းအထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၁၆၀)**
**အမှတ်(၅၇)၊ အောင်သစ္စာလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-09-43118120**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၇၈၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသက်ဆွေ[၁၄/ပသန(နိုင်)၀၀၉၃၃၃](ပါ)၂-ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ယမင်းကိုကို[၁၂/သဃက(နိုင်)၁၃၉၅၀၄]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအပိုင်း(၂) အိမ်ရာ၊ တိုက်(၄၁)၊ အခန်း(၄၀၁)၏ အမည်ပေါက် ဦးဇော်သီဟ[၁၂/ရကန(နိုင်)၀၀၀၇၈၆]ထံမှ ဒေါ်သင်းသင်းယု[၁/မညန(နိုင်)၁၅၇၅၈၄]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၅-၂၀၂၆ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)ပါ တရားလွှတ်တော်ရှေ့နေ ဦးစိုးပိုင်၏ ကန့်ကွက်နိုင်ပါသည် ကြေညာတွင် မြေကွက်အမှတ်(၅၇၈/ခ) အစား မြေကွက်အမှတ်(၇၅၈/ခ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန်ကြေညာခြင်း

တောကျောင်းလေးသုသာန်အား ပိတ်သိမ်းပြီးဖြစ်ပါသဖြင့် ဤနေရာတွင် မြှုပ်နှံထားသော အုတ်ဂူများနှင့် ရုပ်အလောင်းများအား (၂-၆-၂၀၂၆)ရက်နေ့တွင် ဖယ်ရှားရှင်းလင်းမည်ဖြစ်ပါ၍ ယင်းနေ့မတိုင်မီ အုတ်ဂူပိုင်ရှင်များမှ အမြန်လာရောက် ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဖယ်ရှားရှင်းလင်းမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဆက်သွယ်ရန်**

| | |
|---|---|
| **ဦးစီးအရာရှိ** | - ၀၉-၅၀၀၄၅၆၆ |
| **ရပ်ကွက်အုပ်ချုပ်ရေးမှူး** | - ၀၉-၄၂၀၂၀၈၈၆၉ |

❖ နိုင်ငံတော် ရှေ့သို့ဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) များကို ဆောင်ရွက်ကာ ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံအစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ မိမိအရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း မေ ၂၅ ရက်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆



ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်စဉ်။

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✣



အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်လျက်ရှိစဉ်။

## ဖိလစ်ပိုင်ဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လေ့ကျင့်ပြင်ဆင်

ရန်ကုန် မေ ၂၆

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လ နိုင်ငံတကာရက်သတ္တပတ်တွင် ယှဉ်ပြိုင်ရမည့် ဖိလစ်ပိုင်သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ကျော်ဖြင့်ဖွဲ့စည်းကာ မေလဒုတိယပတ်ကတည်းက စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


မကွေးမြို့နယ်၌ ငွေကျပ် သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၂၀၇ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၄

ရွှေကူကြိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

စာမျက်နှာ » ၁၅